မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချို သတင်းစုံသည် မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရားၦတည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၈၇)

■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ ကြာသပတေးနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်
(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်အမှာစကားပြောကြား





စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၁

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီးအမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းခိုနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ **စာမျက်နှာ ၁၆ ကော်လံ ၁**★

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစွစ် နာတာလျာ ကိုချွန်နိုဟန့်တွေ့ဆုံ ဆွေးနွေး

စာ - ၁၈ သို့

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကျင်းပ

စာ - ၇ သို့

အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့်နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်

နေပြည်တော် အောက်တိုဘာ ၂၁


အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမူမမှန်ခြင်း၊ လာမည့် **စာမျက်နှာ ၃ ကော်လံ ၁**➤

လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့မွန်းလွဲ၁၂နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးကမ်းလွန်ဒေသတို့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နေသည်။ **(မိုး/၈လ)**



မြန်မာ့လက်မှုအနုပညာစင်တာတွင် ပြခန်းများ တိုးချဲ့တည်ဆောက်သွားမည်

စာ - ၃ သို့

လူမှုရေးပင်စင်အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

စာ - ၈ သို့

အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာ

အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်
ကြေညာချက်အမှတ် (၁/၂၀၂၆)

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်စေရေး စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် (၁၄)% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း(၄၆)ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို (၁,၃၅၀,၀၀၀) ကျပ် သတ်မှတ်လိုက်သည်။

စာမျက်နှာ ၃ ကော်လံ ၁●

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်

တို့ဘိုးဘွားအမွေစစ်မို့ချစ်မြတ်နိုးကြစို့

ဘိုးဘွားများတန်ဖိုးထားလက်ဆင့်ကမ်းခဲ့သော အမွေအနှစ်များတွင် ယဉ်ကျေးမှုအနုသုခုမပညာရပ်များလည်းပါဝင်သည်။ အဆိုပါ ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သတ်မှတ်ထားရာ မျိုးဆက်သစ်အဆက်ဆက်က ကောင်းမွန်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာဆိုသည်မှာ ကိုယ်ပိုင်စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုမြင့်မားသောလူမျိုးဖြစ်သည်။ မြန်မာဟုဆိုရာဝယ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသောတိုင်းရင်းသားလူမျိုးများ အားလုံးကိုကိုယ်စားပြုခြင်းဖြစ်သည်။ အဆိုပါ လူမျိုးတိုင်း၏တူညီသော တူရိယာမှာ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာတို့၏တူရိယာအားလုံးမှာ အဆိုပါငါးပါးသော တူရိယာပေါ်တွင်အခြေခံထားခြင်းဖြစ်သည်။

နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းလျက်ရှိရာတွင် မြန်မာတို့သည်လည်း မိမိတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းကြရမည်ဖြစ်သည်။ တိုင်းရင်းသားအားလုံးစုပေါင်းနေထိုင်သည့် မြန်မာနိုင်ငံတော်ကြီးကို တိုင်းရင်းသားအားလုံးကတန်ဖိုးထားချစ်ခင်ကြရမည်ဖြစ်သည်။ ထိုသို့တန်ဖိုးထားချစ်ခင်စိတ်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် မိမိတို့တတ်စွမ်းသည့်ကဏ္ဍမှပါဝင်ရမည်ဖြစ်သည်။ အနုသုခုမကိုမြတ်နိုးသူသည် အနုသုခုမပညာဖြင့် နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံမြန်မာလူမျိုးတို့၏ကောင်းမြတ်သည့်ဂုဏ်ဒြပ်နှင့်အစဉ်အလာ အမျိုးသားရေးစံနှုန်းများကို ကမ္ဘာတည်သရွေ့ အခွန့်ရှည်တည်တံ့နေစေရန် ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်း လုပ်ငန်းများကို အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်မှုများတွင်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပပေးနေခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ တစ်မျိုးသားလုံးပါဝင်ဆောင်ရွက်ကြသည့် အဆင့်အမြင့်ဆုံးအမျိုးသားရေးအားထုတ်မှုတစ်ရပ်လည်းဖြစ်သည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်ရှိသတ်မှတ်နေရာများတွင်ပြိုင်ပွဲဝင်ဘာသာရပ်အလိုက် အောက်တိုဘာလ ၂၁ ရက်မှ ၂၉ ရက်အထိကျင်းပလျက်ရှိသည်။ နိုင်ငံတော်အဆင့်ပြိုင်ပွဲသို့ရောက်ရှိလာကြသူများမှာ မြို့နယ်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်တို့တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကာ နိုင်ငံတော်အဆင့်သို့ရောက်ရှိလာကြသူများဖြစ်ကြသည်။ နိုင်ငံတစ်ဝန်းမှ မျိုးဆက်သစ်များ၊ ရွက်ပုန်းသီးများပေါ်ထွက်လာအောင်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများက မွေးထုတ်ပေးလျက်ရှိသည်။

မည်သည့်ပညာရပ်မဆို ထူးချွန်ထက်မြက်အောင်ကြိုးစားပါက မိမိဘဝအတွက်ပြည့်စုံလုံလောက်သောအသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည်။ အဆို၊ အက၊ အရေး၊ အတီးပညာရပ်များမှာ လွန်စွာခက်ခဲလှပြီး ဆုံးခန်းတိုင်သွားသောပညာရပ်မဟုတ်ပေ။ အမြဲတမ်းလေ့လာနေကြရသည်။ အမြဲတမ်းလေ့ကျင့်နေကြရသည်။ **“လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှရဲရင့်၊ ရဲရင့်မှအောင်ပွဲခံ”** ဆိုသည့်အတိုင်း ပြိုင်ပွဲဝင်ရာတွင် မိမိကိုယ်မိမိယုံကြည်မှုအပြည့်အဝရှိနေမည်ဖြစ်သည်။ ယုံကြည်မှုအပြည့်ဖြင့်ရဲရင့်စွာ ပြိုင်ပွဲဝင်နိုင်ရန် ဘာသာရပ်ဆိုင်ရာဆရာ၊ ဆရာမများကလည်း စနစ်တကျသင်ကြားပေးထားပြီးဖြစ်သည်။

မြန်မာတို့၏အဆို၊ အက၊ အရေး၊ အတီးပညာရပ်များသည် ကြည်နူးစရာ၊ နှစ်သက်စရာ၊ ချီးကျူးစရာ၊ မြတ်နိုးဖွယ်ရာအလွန်ကောင်းလှသည်။ ရှေးကမြန်မာတို့သည် မျိုးချစ်စိတ်ဓာတ်ဆိုင်ရာသီချင်းများစွာရေးသား၊ ဆိုတီး၊ ကပြခဲ့မှုသည်လည်း ပြည်သူများမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးအတွက် ပံ့ပိုးမှုကောင်းတစ်ရပ်ဖြစ်ခဲ့သည်။ ယနေ့ခေတ်လူငယ်များအနေဖြင့်လည်း မိမိတို့၏ရိုးရာယဉ်ကျေးမှုအမွေကို ထိန်းသိမ်းစောင့်ရှောက်ရင်းကမ္ဘာ့အလယ်တွင်မြန်မာနိုင်ငံခဲ့ထည်ဝင့်ကြွားစွာရှိနေစေရေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဆွေးနွေး

ပန်းတောင်း အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီးပန်းတောင်းမြို့နယ် ဗြူးကုန်းကျေးရွာ၌ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုဒဏ်များကို ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသင်းနှင့် ဝန်ထမ်းများက ကြက်သွန်နီစိုက်ပျိုးဧရိယာ တိုးချဲ့စိုက်ပျိုးရေး၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာနှင့် ပဲပုပ်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့ပြင် နွေစပါးစိုက်ပျိုးရာသီတွင် ဈေးကွက်အလားအလာကောင်းမွန်သည့် ရေဆင်းပေါ်ဆန်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဆောင်းသီးနှံများတွင် နွားကျင်ငယ်ရည်ကို ရွက်ဖျန်းမြေဩဇာအဖြစ် အသုံးပြုနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တောင်သူများအသုံးပြုလျက်ရှိသည့် အမိုနီယမ်ဆာလဖိတ်မြေဩဇာနှင့်ပတ်သက်သော အသိပေးထုတ်ပြန်ချက်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်တက်မှုနှင့် ရေရှားပါးမှုအခြေအနေများအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ သီးနှံများ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိစေရေးနှင့် စိုက်ပျိုးရေးကို အကျိုးရှိစွာအသုံးချနိုင်ရေးတို့ကိုဆွေးနွေးပြောကြားကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆောင်ရွက်

မင်းဘူး အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဦးဆောင်ပြီး ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲနှင့် စွမ်းအားမြှင့်မီးဖိုများပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၂၀ ရက် မွန်းလွဲပိုင်းတွင် မင်းဘူး(စကု) မြို့နယ် ဧရပ်ကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ဦးစီးဌာနအနေဖြင့် ဒေသတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်သာယာလှပလာစေရန်၊ ရာသီဥတု ပြောင်းလဲမှုဒဏ်ကိုခံနိုင်စေရန်နှင့် ဂေဟစနစ်မျှတကောင်းမွန်လာစေရန် နှစ်အလိုက်ဆောင်ရွက်နေမှု လုပ်ငန်းများအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး အသိပညာပေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲသို့တက်ရောက်လာသူ ၂၀၀ ဦးအတွက် စွမ်းအားမြှင့်မီးဖိုများကို တာဝန်ရှိသူများက ဖြန့်ဝေပေးအပ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

သဇင် (FM) အသံလွှင့်အစီအစဉ်
၂၂-၁၀ -၂၀၂၆(ကြာသပတေးနေ့)

၁။	၀၆:၃၀	ခံစားနားဆင်မြန်မာသံစဉ်	၄။	၁၇:၀၀	Business Tips
၂။	၀၈:၀၀	For Youth	၅။	၁၈:၂၀	Thazin Request Song
၃။	၁၃:၃၀	Live For You	၆။	၂၁:၂၀	လွမ်းသဝဏ်လွှာ

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

မြန်မာ့လက်မှုအနုပညာစင်တာတွင် ပြခန်းများတိုးချဲ့တည်ဆောက်သွားမည်



နေပြည်တော် အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မြန်မာ့လက်မှုအနုပညာစင်တာတွင် ပြခန်းများတိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြခန်းများ တိုးချဲ့တည်ဆောက်မည့်မြေနေရာနှင့် သစ်သီးအခြောက်ခံစက်ရုံ Dome တို့ကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးကာ မြန်မာ့လက်မှုအနုပညာစင်တာတွင် ခင်းကျင်းပြသထားသည့် မြန်မာ့ရိုးရာလက်မှုထည်များအား ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ မန္တလေးတိုင်းဒေသကြီး အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်းက ကျင်းပသည့် ရက်ကန်းထုတ်ကုန် ချည်ထည်ပြပွဲနှင့် TIAM စျေးရောင်းပွဲတော် (၂၀၂၆) သို့ တက်ရောက်အမှာစကားပြောကြားပြီး ခင်းကျင်းပြသထားသော အထည်အလိပ်ရက်ကန်းထည်အရောင်းဆိုင်များကို ကြည့်ရှုအားပေးသည်။

ထို့အတူ ချမ်းမြသာစည်မြို့နယ် ရတနာပူရ မြန်မာ့လက်မှုနှင့်အနုပညာဗိမာန်၌ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာပန်း ၁၀ မျိုး လက်မှုပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ပန်း ၁၀ မျိုး ပညာရပ်များမတိမ်ကောမပျောက်စေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး မြန်မာ့ရိုးရာပန်း ၁၀ မျိုး လက်မှုထည်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

● ကြေညာချက်မှ

၃။ စျေးကွက်ပေါက်စျေးသည် အခြေခံရည်ညွှန်းစပါးစျေးနှုန်းအပေါ်တွင်ဖြစ်ပါက စျေးကွက်ပေါက်စျေးအတိုင်းဝယ်ယူရန်နှင့် စျေးကွက်ပေါက်စျေးသည် အခြေခံရည်ညွှန်းစပါးစျေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံစျေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးစျေးနှုန်းသည် ၂၀၂၆ ခုနှစ် မိုးစပါးနှင့် ၂၀၂၇ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းစျေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသောတောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ် ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၈၊ ၀၁-၂၃၀၁၁၉၊ ၀၁-၂၁၈၂၆၆)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး၊ ဦးဆောင်အဖွဲ့

➤ ရှေ့ဖုံးမှအဆက်

ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အခွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

အကြံပြုချက်

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါရန် အကြံပြုထားပါသည်။

အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ **(မိုး/၈လ)**

MWD Education, Knowledge & Sport Channel

၂၁-၁၀-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၇:၀၀ မှ ၀၈:၃၀ Grade-9 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချိုင်္ဘာ(၁)

၂။ ၁၅:၃၀ မှ ၁၆:၁၅ Grade-9 သချိုင်္ဘာ(၁)၊ သချိုင်္ဘာ(၂)၊ ပထဝီဝင်

၃။ ၁၆:၁၅ မှ ၁၈:၀၀ Grade-9 သမိုင်း၊ သိပ္ပံ

၂၃၀ ကေဗွီ ကနောင်ပင်မဓာတ်အားခွဲရုံတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်မည့်အစီအစဉ်နှင့် စပ်လျဉ်း၍ ပြည်သူသို့အသိပေးပန်ကြားချက်

နေပြည်တော် အောက်တိုဘာ ၂၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၃၀ကေဗွီကနောင်ပင်မဓာတ်အားခွဲရုံရှိ လျှပ်ကာဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပေါ်နေသောဓာတ်အားဖြတ်ခလုတ်အား စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းကို အောက်တိုဘာလ ၂၂ ရက် နံနက် ၉ နာရီမှညနေ ၃ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆိပ်ကြီးခနောင်တို့မြို့နယ်၊ အေးရှာမြို့နယ်နှင့် ဒလမြို့နယ်တို့ရှိစက်ရုံ/အလုပ်ရုံများ၊ ရပ်ကွက်နှင့်ကျေးရွာများ အချိန်ခြောက်နာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှသတင်းရရှိသည်။ မြဝတီ

အယ်လ်နီညို အပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ဘောလခဲ အောက်တိုဘာ ၂၁

ကယားပြည်နယ် ဘောလခဲမြို့ ရှမ်းပိုင်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ အယ်လ်နီညိုအပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၀ ရက်နံနက်ပိုင်းတွင်ကျင်းပသည်။

ဆက်လက်၍ ဘောလခဲခရိုင်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးမှူးအဆင့်(၁)ဦးသန်းစိုးဝင်းက အယ်လ်နီညိုအပူဒဏ်နှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသိန်းက သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ခရိုင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစတီဗင်က ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သိကောင်းစရာများ ဟောပြောခြင်းနှင့် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ခံဦးဝင်းမြင့်ဦးက အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ခွေးရူးရောဂါအကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုတင်ကာကွယ် အပူဒဏ် အန္တရာယ် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။ **(၄၀၅)**

ချစ်ခြင်းခိုင်ကျည် ပွဲတော်ဆီ

✿ အောင်အတိတ်ရယ်နှင့်
အောင်နိမိတ် ရင်မှာစွဲပါလို့
အောင်စိတ် အစဉ်သာ ကဲလျှင်ဖြင့်
ဇွဲမကွဲနိုင် ခိုင်မာပြည့်ရပေမပေါ့
အသိတူမျှ ထပ်ဖော်ကာ ညင်သာစကားတွေနဲ့
ဝိမုရဇာတ်တော်မှာ ထင်စွာကြားရပေလိမ့်
မင်္ဂလာတရားနဲ့ ပြည့်စုံစွာ။

✿ ဆိုင်းအိုးစည် ဒိုးပတ် စွမ်းပကားငဲ့ပြင်
စန္ဒရားနဲ့ ရုပ်သေး
အရေးနဲ့ အဆိုစုံ
အမျိုးဂုဏ် မြှင့်တင်တေးတွေလည်း
သီကြွေးကာ အားမာန်တက်
ကွက်စိပ်လည်းပါ။

✿ ရိုင်းပင်းအား တည်ထောင်ပြုခဲ့တဲ့
တိုင်းရင်းသား ညီနောင်ထုတို့ရဲ့
ပြည်ထောင်စု အလှဆင်ယင်တဲ့
မြန်မာ့သဘင် အသွင်တင့်လိုက်ပုံက
အလှတွင် အယဉ်ဆင့်
ဝင့်ကြွားဘွယ့် အနုပညာ
ရှုချင်စရာ အံ့မခန်း။

✿ အမှန်မယွင်း အဟောင်းဖွေရှာ
ဟန်လင်း တကောင်း အမွေပါ
သရေခေတ္တရာ ဆင့်ကာဖြိုးပါလို့
အခြေအမြစ်မှာ ဝင့်ကာ မည့်ိုးပါဘူး
တို့ရိုးရာအခိုင်အခံ့ပေမို့
ကြိုင်သန့် ထုံကြည်ဝင်းဝေလို့
နိုင်ငံ့ဂုဏ်ရည် လင်းစေဖို့
ချစ်ခြင်းပြိုင် အနိုင်နွဲကြမယ်
ပွဲတော်သို့လှမ်း။ ။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်

မြင်းမူမောင်နိုင်မိုး

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

မတွေ့မမြင်ရသည်မှာ လချီကြာခဲ့ပြီဖြစ်၍ နီညိုညို မြို့ရိုးတော်ကြီးနှင့်မြကမ္ဘလာ ရေကြည်သာ ကျုံးတော်ကြီးကို မြင်လိုက်ရုံဖြင့် မိမိအိမ်ကိုရောက်သွားဘိသကဲ့သို့ ရင်ထဲ၌ နွေးခနဲ၊ ရှိန်းခနဲ ခံစားလိုက်ရ၏။ စံနက်ကျော်တို့ရောက်ချိန်တွင် အနောက်သံတဲ ဆရာမတ်၏ အင်္ဂလိပ်ကျောင်းမှပြန်ကြွလာကြသော အရှင့်သားတော်များ၏ မင်္ဂလာဆင်တော်လေးစီးနှင့်ဆုံတွေ့နေလေရာ မြင်းများပေါ်ကဆင်း၍ ခစားကြရသည်။

မင်္ဂလာဆင်တော် မာန်ပြေပေါ်မှ အသားဖြူဖြူနှင့်အင်မတန်ချစ်စဖွယ်ကောင်းသော မင်းသားငယ်လေးတစ်ပါးက စံနက်ကျော်ကို မြင်လေလျှင် ဆင်ဦးစီးကို ခေတ္တအရပ်ခိုင်းကာ အခေါ်တော်လွတ်သဖြင့် စံနက်ကျော် ရှေ့တိုးခစားရလေသည်။

“မောင်မင်း ကိုကြီးစံနက်မဟုတ်လား။ မတွေ့မမြင်ရတာ ကြာရော့မင့်ပဲ”

“မှန်လှပါအရှင့်သား ဘုန်းတော်ကြောင့် အဝေးရပ်၌ တာဝန်ထမ်းရွက်နေကြောင်းပါဘုရား”

“ကိုယ်တော် အမြဲသတိရပါတယ်၊ ခုရွှေနန်းတော်ဝင်လို့ ဘထွေးတော်ဘုရားကို ခစားရမယ်မဟုတ်လား၊ ကဲကဲ ကိုယ်တော်ကြွမယ်”

အရှင့်သားတော်များ၏ မင်္ဂလာဆင်တော်များ ထွက်ခွာသွားမှ စံနက်ကျော်တို့လည်း နောက်ပါး မနီးမဝေးက လိုက်ပါကာ အရှင့်သားတော်များက ရွှေနန်းတော်အရှေ့ပေါက်ဦးထိပ်တံခါးသို့ ကြွချီတော်မူကြလေ၏။ စံနက်ကျော်တို့လည်း နန်းမြို့ရိုးတောင်ဘက်အလယ်ကျော်မိုးတံခါးကြီးမှ အစစ်အဆေးကင်းလွတ်စွာ ဝင်ခဲ့ကြရလေသည်။ ဤတံခါးကြီးမှာ ဂဗ္ဗေဟူသော ဓာတ်စကားအရ ဘဝရှင်မင်းတရားကြီး ဘုန်းတော်တန်ခိုးတက်စေခြင်းငှာ ဩဘာနိမိတ်ယူ၍ အမည်မှည့်ခေါ်ခဲ့သော လောင်းရှည်မြို့စား အတွင်းဝန်မင်းကြီး မဟာစည်သူ ကြီးကြပ်ခဲ့သည့် တံခါးကြီးဖြစ်၏။ ဤတံခါးကြီးကို အချို့ကလည်း မင်္ဂလာတံခါးဟုခေါ်ကြလေသည်။

အရှင့်သားများ ကြွချီတော်မူသွားကြသည့် ဦးထိပ်တံခါးမှာ သာမန်မင်းမှထမ်းများနှင့် သာမန်ပြည်သူများ လုံးဝဝင်ထွက်ခွင့်မရှိသောတံခါးဖြစ်သည်။ ထိုတံခါးကြီးသည် သူရဇ္ဈောတ်ကို အန္တောဟူသော နံသင့်အရ မကွေးမြို့စား သတိုးမင်းကြီး မဟာမင်းလှသီဟသူက ကြီးကြပ်တည်ဆောက်ခဲ့သော မြို့ဦးမြို့ထိပ်တံခါးကြီးဖြစ်သည်။

စံနက်ကျော်မှာ ရွှေမြို့တော်အတွင်း ရောက်ကတည်းက မင်းနှစ်ပါး၏ အလွန်အရေးပါသော သက်တော်စောင့် ဝင်းမှူး မင်းကြီး ဦးကျော်ရွှေး၏ ငယ်မွေးခြံပေါက်ဖြစ်၍ မြို့တော်ရောက်ပြီး အချိန်တိုအတွင်း၌ ပင်ကိုပါရမီ သတ္တိ၊ ဗျတ္တိ၊ လုံ့လဥဿာဟအပြည့်ဖြင့် လုပ်ရည်ကိုင်ရည်များကြောင့် အိမ်ရှေ့စံအရှင့်အပါး သက်တော်စောင့် သစ္စာရှိလူပျိုတော်သားအဖြစ် အမှုထမ်းခဲ့ရလေရာ နန်းမြို့အတွင်း လေးပြင်လေးရပ်နှင့် တစ်ဆယ့်နှစ်ရပ်သော တံခါးတို့၏ ဝင်လမ်းထွက်လမ်းစည်းကမ်းများကိုလည်း ကျွမ်းကျင်နှံ့စပ်ခဲ့ပြီးဖြစ်သည်။

ဘဘဘုရား မင်းလှနော်ရထာက ဧည့်ခန်းဆောင်၌ ဧည့်သည်တစ်ယောက်နှင့် စကားပြောနေသော်လည်း ဝင်းမှူးအဆောင်အယောင် အပြည့်အစုံနှင့် ခရီးတစ်ခုခုသို့ သွားမည့်ဟန်ပန် တွေ့ရသဖြင့် စံနက်ကျော် မြင်းပေါ်က အပြေးဆင်းကာ အရိုအသေပေးဖြစ်လေသည်။

“ညော်... ဒါအခု ဝင်းမှူးကြီးပြောတဲ့ သားသမက်ဆိုတာကလေးလား”

“ဟုတ်ပါတယ်။ သားက ယနေ့မှ ယမ်းစုမှူးတာဝန်နဲ့ ဘုန်းတော်ကြီးဘုရားရဲ့ယမ်းဘဏ္ဍာတော်တွေ လာပို့တာပါ ဝန်မင်းရေ နေရာကျပြီပေါ့၊ ဝန်မင်းရဲ့ ရွှေကျမ်းတော်ကြီးကို သားတော်မောင်ကို အဖတ်ခိုင်းရမယ် ဝန်မင်းရဲ့၊ သူက ပရိယတ်စာပေတွေလည်း သင်ယူခဲ့ဖူးတယ် ဝန်မင်းရဲ့”

“ဟေ ဟုတ်ရဲ့လား၊ အရာကျသပေါ့ အမတ်မင်းရယ်၊ တာဝန်တော်တော့ အတော်ကြီးသနော၊ ဂရုပြုပြီး ဖတ်ရှုသုတ်သင်ပေးကြပါလေ”

လူကြီးက နောက်ပါနှစ်ယောက် ထိန်းဆွဲသော မြင်းသေးသေးတစ်ကောင်ကိုစီးလျက် ထွက်သွားကြလေသည်။ စားဖိုဆောင်မှူး မမင်းဘုံက နပွလင်ကအစ်မနှင့် ရှင်မိညိုတို့ ပါးလိုက်ကြသော ဒေသအစာအမျိုးမျိုးကို ထုတ်ယူကာ လက်ဆောင်ပေးသင့်သည်တို့ကို မျှဝေနေရာချနေကြလေသည်။

“ဒီဘကြီးကို မြင်ဖူးပါတယ်ဘုရား၊ ဘယ်သူများလဲ၊ မယ်မယ်ကော ကျန်းခန့်ရဲ့လား ဘဘုရား”

“ကောင်းပါလေ့ဗျာ၊ ရှိပ့ါ သူ့သမီးပါမလာလို့ စိတ်ခုနေလေရဲ့၊ လူကလေး မမှတ်မိလို့ပါကွယ်၊ အိမ်ရှေ့မင်းဘုရား အမိန့်တော်နဲ့ “ရွှေဘုံမြခန်း မှန်နန်းရာဇဝင်တော်” ကျမ်းကြီးစီရင်နေတဲ့ ကဝိဘာဓရအမတ်ကြီးဦးစံဖြိုးလေ လူကလေးရဲ့”

“ဒါနဲ့ ဘဘက အခု ဘယ်ကိုကြွမလို့လဲဘုရ့၊ အရှင်ကိုယ်တော်ကြီးဘုရား ခုဘယ်မှာ စံနေတော်မူနေမလဲဘုရား”

“အိမ်း စောစောကပဲ ဘဘကို အခေါ်တော်ရှိလို့ အခစားဝင်ရမယ်၊ မင်းပါ တစ်ပါတည်းလိုက်ခဲ့၊ ကိုယ်တော်ကြီးဘုရားက မြင်းမှူး ဦးရေးနဲ့ အတူ စစ်မြင်းတွေ စစ်ဆေးတော်မူနေတယ်လို့ သိရတယ်”

ရွှေနန်းတော်နယ်မြေအတွင်းနှင့် အရှင့်ရှေ့တော်မှောက် အခစားဝင်ရောက်ကြရာ၌ မင်းညီ၊ မင်းသား၊ မှူးတော်၊ မတ်တော်၊ ဝန်ကြီး၊ စစ်မှူးစစ်ကဲ အစုမှူးများအနေဖြင့် “ဘဝရှင်မင်းတရားကြီး၏ ခွင့်ပေးသနားတော်မူထားသော ဗောင်းနားတောင်းမှစ၍ မည်သည့်နေရာ မည်သည့်လမ်းကသွား မည်သည့်အဆောင်အယောင် အစီးအနင်း အဆောင်အရွက် ဝတ်လုံစလွယ်” စသည်တို့မှာ အခွင့်မိန့်စာချွန်ရမှသာလျှင် ဝတ်ဆင်စီးနင်းခွင့်ရှိလေသည်။ ရှေ့တော်ပွဲတက် အကန်တော့ခံတော်မူရာသို့ ဝင်ရောက်ကန်တော့ခွင့်ကိုလည်း မိမိတို့ရရှိထားသော အစီးအနင်း ရှိသူတို့ကသာ စီးနင်းဝတ်ရုံ ကန်တော့ခွင့်ရကြခြင်းဖြစ်သည်။ မင်းတရားကြီး၏နေရာတော်နေ အခွင့်မရကြသူများအနေဖြင့် အစီးအနင်း အဆောင်အရွက် ဗောင်းနားတောင်း ဝတ်လုံ ဝတ်ဆင်ခွင့်မရကြဘဲ သာမန်ဝတ်ကောင်းစားလှဖြင့်သာ သင့်ရာနေရာမှ ခစားကြရလေသည်။

မင်းလှနော်ရထာ လက်ဝဲဝင်းမှူး ဦးကျော်ရွှေးမှာ ဝင်းမှူးသက်တော်အစောင့် အမတ်မင်းဖြစ်၍ လက်ဝဲ ငွေစလွယ်နှင့် နှစ်စထောင်ဗောင်းဆောင်းခွင့်ရှိသော်လည်း မင်းမိဖုရားများနှင့် ဥပရာဇာမင်းမိဖုရားတို့ထံ ခစားဝင်ရောက်ရန် သွားလာရာ၌ အစီးအနင်း စီးနင်းခွင့်မရှိပေ။ စံနက်ကျော်သည်လည်း အိမ်ရှေ့စံမင်းဘုရားအတွက် ကိုယ်ရံတော်လူပျိုသားတပ်မှူး မင်းတရားကိုယ်တော်တိုင် သနားတော်မူထားသော ရဲသီဟကျော်စွာဘွဲ့နှင့် ရွှေနန်းတော်အပြင် တပ်မှူးဖြစ်၍ စစ်သူကြီးချုပ်တန်ခွင့် အဆောင်ဓားလွယ်တို့ ကိုင်ဆောင်ခွင့်ရှိသော်လည်း အစီးအနင်းဝေါဟာဉ်များ၊ မြင်းများစီးနင်းခွင့်မရပေ။ ညီလာခံစဲရာမှ တစ်ဆက်တစ်စပ်တည်း အခစားဝင်ရလျှင် အရှိအတိုင်း ဝင်ရောက်ခစားနိုင်သော်လည်း ယခုကဲ့သို့ သာမန်အချိန်များတွင် သီးသန့်အခေါ်တော်ရှိလျှင် မိမိတို့နှစ်သက်ရာ သင့်လျော်ရာ ဝတ်ကောင်းစားလှဖြင့် ဖူးမြော်ခစားခွင့်ရှိလေသည်။

မြောက်ဥယျာဉ်တော်နံဘေး တဓာပင်ရိပ်ကလေးများအောက်က အဖြတ်တွင် တစ်ချိန်က မှတ်မှတ်ထင်ထင်တွေ့ခဲ့ရသော ရွှေစင်ရုပ်ကလေးကို တွေ့လိုတွေ့ငြား အမှတ်မထင် မျက်လုံးဝေ့ကြည့်မိရာ ရံရွေတော်တို့၏ အသံစာစာကို အလျင်ကြားရပြီး ရံရွေတော်တို့အလယ်မှ အလှပန်းစုံ ဒန်းလေးစီးနေသောသူနှင့် မျက်လုံးချင်းဆုံမိလေရာ ခြေလှမ်းများတုံ့ခနဲဖြစ်သွားသည်။

“ဟဲ့လူကလေး မြန်မြန်လျှောက်ပါကွဲ့၊ အခစားနောက်ကျလို့ မင်းဘုရား စိတ်တော်ညိုနေမှဖြင့်” ဘဘဘုရားစကားကြောင့် ပုဆိုးစကိုမခြေလှမ်းကိုစသော်လည်း မျက်လုံးများက သူ့ဆီက ခွာမရဘဲဖြစ်နေချိန်

“စံနက်ကျော်မှာ ရွှေမြို့တော်အတွင်း ရောက်ကတည်းက မင်းနှစ်ပါး၏ အလွန်အရေးပါသော သက်တော်စောင့်ဝင်းမှူး မင်းကြီး ဦးကျော်ရွှေး၏ ငယ်မွေးခြံပေါက်ဖြစ်၍ မြို့တော်ရောက်ပြီး အချိန်တိုအတွင်း၌ ပင်ကိုပါရမီ သတ္တိ၊ ဗျတ္တိ၊ လုံ့လဥဿာဟအပြည့်ဖြင့် လုပ်ရည်ကိုင်ရည်များကြောင့် အိမ်ရှေ့စံအရှင့်အပါး သက်တော်စောင့်သစ္စာရှိ လူပျိုတော်သားအဖြစ် အမှုထမ်းခဲ့ရ. . .”

ပခုံးထက်က မြပဝါစကလေးကွယ်၍ ပြုံးရယ်လိုက်ရာ ပုလဲနှစ်ရောင်သွားကလေးများက မျက်ရည်ကြည်ကလေးများ ဝေ့သီနေသော သမင်မျက်လုံးကဲ့သို့ ရွှန်းမြမြမျက်ဆန်းကလေးများနှင့်အပြိုင် တလက်လက်တောက်ပနေ၏။ စံနက်ကျော်အဖို့ ရင်သပ်ရှုမော ကြည့်မဝ ရှုမဆုံးဖြစ်ရလေသည်။

မန်ကျည်းပင်ရိပ်၊ ကုက္ကိုပင်ရိပ်၊ ထနောင်းပင်ရိပ်ကြီးများကြောင့် စိမ့်စိမ့်မျှအေးနေသော နေ့လယ်ခင်းက စံနက်ကျော်ရင်ထဲ၌ ပူရှိန်းမြမြဖြစ်နေလေသည်။

“ဟာ ဒီသားအဖ ဘယ်လိုဖြစ်နေကြတာလဲ၊ ဟိုမှာ အမတ်မင်းကလည်း ကျုပ်ကိုမမြင် ခု ကိုရင်ကလည်း ကျုပ်ကို ဝင်တိုက်တော့မယ်၊ ပျာယာပျာယာနဲ့ ဘယ်ကြွကြွမလို့လဲ ကိုရင်စံနက်ရဲ့”

“ဟား လန့်လိုက်လေ ကိုကြီးခြံရာ၊ ကိုယ်တော်ကြီးဘုရားထံ အခစားဝင်ကြမလို့ပါဗျ”

လူပျိုတော်သား ကိုခြံက စောစောက သူကြည့်လေရာ ဥယျာဉ်တော်ပန်းချုံများအကြားသို့ လှမ်းမျှော်ကြည့်နေသဖြင့် ရာဇဝတ်အိုးမှန်းသိ၍ မလုံမလဲစိတ်ဖြင့် ပြောမိပြောရာ အမြန်ပြောလိုက်မိသည်။ ဘဘဘုရားမှာ အတန်ပင်အလှမ်းကွာသွားချေသည်။

ဆက်လက်ဖော်ပြပါမည်။



ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ပြည်သူ့ဆေးရုံကြီးရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာနခွဲ အသက်ကိုးလမှ အသက် ၅ နှစ်အောက်အထိ ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံ့ပေးခြင်းကို အောက်တိုဘာလ ၂၁ ရက်တွင် ဆောင်ရွက်စဉ်။ ကိုကျော်(သုံးခွ)

ကြက်သွန်နီတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဆွေးနွေး

ပြည် အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် မှော်ဇောကျေးရွာအုပ်စုနှင့် မုဒ္ဒောကျေးရွာအုပ်စုတို့ရှိ ကြက်သွန်နီစိုက်ပျိုးသော တောင်သူများနှင့်တွေ့ဆုံ၍ ကြက်သွန်နီတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၂၀ ရက်က မှော်ဇောကျေးရွာအုပ်စုမိုးကောင်းမမ္မာရုံ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆန်းဝင်းတို့က ကြက်သွန်နီတိုးချဲ့စိုက်ပျိုးရေးနှင့် မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိန်ကိုက် အချိုးကျထည့်သွင်းစေရေး၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ လိုက်နာဆောင်ရွက်ရေးတို့ကို ပညာပေးဆွေးနွေးကြသည်။

ထို့ပြင် ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ ပဲပုပ်များ တိုးချဲ့စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ နွေစပါးစိုက်ပျိုးရာသီတွင် ရေဆင်းပေါ်ဆန်း-၁၊ ရေဆင်းပေါ်ဆန်း-၂ စပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေး၊ အယ်လ်နီညိုရာသီဥတုဒဏ်ကြိုတင်ကာကွယ်ရန်အချက်များအား လိုက်နာဆောင်ရွက်ရေးနှင့် တောင်သူများ အသုံးပြုနေသော အမိုနီယမ်ဆာလ်ဖိတ် မြေဩဇာအကြောင်းသိကောင်းစရာများကို ဆွေးနွေးကြကြောင်း သိရသည်။

ရန်ကင်း

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ



“မဟာဂီတ”တေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



“ကာလပေါ်”တေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အရေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မမျိုးမျိုးလင်းနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့တွင် **“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိနီလာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ရွှေပင်ရွှေဘုန်း(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ကြော်ကဖွယ်ဘုန်းတန်း(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက သည်ဆောင်းဟေမန်(ဘွဲ့) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

“ကာလပေါ်” တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိမြခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက အစိန္တေယျ(ဌေးဌေးမြင့်) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်ခိုရေးစခန်းဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အရေးပြိုင်ပွဲ**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သုံးပါးမြတ်ရတနာ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြန်မာ့ဂုဏ်ရည်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆောင်းဦးဟေမန်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မွေးမေမေ” ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အတိုင်းမသိမင်္ဂလာ” (မင်္ဂလာသြဘာသွဲ့)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် **စာမျက်နှာ ၆ သို့** ⇨



ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်စိုးထက်အောင်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



နဲပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



နဲပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်အာကာဖြိုး ယှဉ်ပြိုင်စဉ်။



ဒိုးပတ်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။




အိုးစည်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



စန္ဒရားအတီး(အမျိုးသား)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ရုပ်စုံသဘင်အဖွဲ့လိုက်ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ"ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု အောင်တံခွန် ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။



ဇာတ်တော်ကြီးအဖွဲ့လိုက်ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ဥဿာမဟာသဘင်ဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်စဉ်။

⇨ **စာမျက်နှာ ၅ မှ**

ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့်အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထွေတလာလာ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိ" (ဝတ်တော်ရုံဘုန်းတော်ဘွဲ့)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း **အိုးစည်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း **အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါနွေဆန်း" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ပန်းဟေဝန် (တောဘွဲ့ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်အမျိုးသမီးပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မေ့ဘဝဏ္ဍာဘယ်သူယူပါ့မယ် (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင် အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ"ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု အောင်တံခွန် ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမရှိလေဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက်ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ဥဿာမဟာသဘင်ဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာ အသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်းနှင့် နိဂုံးတော် အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းအမွေပေးနိုင်ရေး အတွက် မျှော်မှန်းကာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို အစဉ်အလာမပျက် ကျင်းပပေးခြင်း ဖြစ်ကြောင်း သိရသည်။

မြဝတီ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၂၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီ၌တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံး ပြုပြင်ပေးနိုင် ရေး၊ ဘော လုံး ကွင်း များ တည်ဆောက်ပေးနိုင်ရေး၊ ပျက်စီးဆုံးရှုံးခဲ့သည့်မြို့ရွာများနှင့် ယာယီနေရပ်စွန့်ခွာသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေး၊ တရားမဝင်ဂိတ်ကြေးကောက်ခံနေမှုများ ပပျောက်အောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် တရားဝင်ကျေးရွာများအဖြစ် သတ်မှတ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ **မေးခွန်း ၇ ခု** မေးမြန်းဖြေကြားခြင်းနှင့် **အဆို ၁ ခု**တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ **ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ ဝေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိ နှစ်ထပ်အဆောက်အအုံကို ပြန်လည်ပြုပြင်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများအတွက် ရုံးပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ရရှိရေးနှင့် ပြင်ဆင်ထိန်းသိမ်းခွင့် ရရှိရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက်ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဝေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်ရန် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ချမ်းမြသာစည်ရပ်ကွက် ကွင်းအမှတ်(၇၀၄–N)၊ မြေကွက်အမှတ် ၁/A ကက – ၂၈ ဧရိယာ သုည ဒသမ ၃၁၉ ဧကရှိမြေပေါ်တွင် အလျား ၁၀၂ ပေ၊ အနံ ၂၆ ဒသမ ၅ ပေနှင့် အမြင့် ပေ ၂၀ ရှိသော သစ်သား–အုတ်ညှပ်၊ အုတ်ကြွပ်မိုး နှစ်ထပ်အဆောက်အအုံဟောင်း ၁လုံးကို ၂၀၂၃ ခုနှစ်တွင်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရရှိခဲ့ပါကြောင်း၊ ဝေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရရှိသည့် အဆောက်အအုံဟောင်းကိုပြင်ဆင်ထိန်းသိမ်းရန် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် အဆောက်အအုံပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေ ၆၇ သိန်း ၆ သောင်းခွဲဝေပေးခဲ့ပြီး ပြင်ဆင်ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါအဆောက်အအုံထပ်မံပြင်ဆင်နိုင်ရေးအတွက် လာမည့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေလျာထားတင်ပြတောင်းခံမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက အဆောက်အအုံပြင်ဆင်နိုင်ရေးအတွက် လာမည့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေလျာထားတင်ပြတောင်းခံမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက အဆောက်အအုံပြင်ဆင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမို့မို့ဇော်၏ **သဲကုန်းမြို့နယ် ဘောလုံးကွင်းအား ပွဲကြည့်စင်နှင့် အဆင့်မီ အားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) နတ်တလင်းခရိုင် သဲကုန်းမြို့နယ် အားကစားကွင်းသည် အမှတ်(၄) ရပ်ကွက်တွင်တည်ရှိပြီး စုစုပေါင်း မြေဧရိယာ ၅ ဒသမ ၉၇ ဧကရှိပြီး အဆိုပါအားကစားကွင်းအား အားကစားရေးရာဝန်ကြီးဌာနပိုင် အမည်ဖြင့် အခမဲ့မြေလွှဲအမိန့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားကွင်းအတွင်းတွင် ရုံးနှင့်နေအိမ်တွဲလျက် အဆောက်အအုံအလျားပေ၄၀၊ အနံ ပေ ၃၀ (၁)လုံးအား ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေမှ ကျပ် ၁၆ ဒသမ ၈ သန်းဖြင့် ဆောက်လုပ်ထားရှိပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သဲကုန်းမြို့နယ် ဘောလုံးကွင်းအတွင်း ပွဲကြည့်စင်တည်ဆောက်ပေးနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ (အလျားပေ ၁၅၀ x အနံ ပေ ၂၀) RC (၂)ထပ် ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၉၀၀ အား ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထား ထားရှိပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အဆင့်မီ အားကစားကွင်းအဖြစ် ပြန်လည် တည်ဆောက်ပေးနိုင်ရေးအတွက် ကျန်ရှိသည့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား သင့်လျော်သော ဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ် အလိုက် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့များအပါအဝင် အချို့မြို့ရွာများ၌ ပျက်စီးခဲ့ရသည့် ဆုံးရှုံးမှုနှင့်ပတ်သက်၍ မည်သို့ကုစားဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရှမ်းပြည်နယ် နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် လားရှိုးမြို့နယ် များတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြည်သူလူထုနေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံး/အဆောက်အအုံအချို့ ပျက်စီးဆုံးရှုံးခဲ့ရပြီး ပြည်သူလူထုများ ယာယီနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဒေသခံပြည်သူများ၏ အိုးအိမ်အဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ၊ တံတားများ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ အပါအဝင် ဌာနဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်းနှင့် ဆက်သွယ်ရေးတာဝါတိုင်များ၊ ဆက်သွယ်ရေး(ဖုန်း/အင်တာနက်) လိုင်းများ ကောင်းမွန်စွာအသုံးပြုနိုင်ရေး ပြင်ဆင်ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် လားရှိုးမြို့နယ်တို့တွင် ကျောင်းပေါင်း ၃၆၀ ကျော် ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံများ ဖွင့်လှစ်၍ ကုသပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးသွားသည့်နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ သာသနိကဆိုင်ရာ အဆောက်အအုံများနှင့် ဓာတ်အားလိုင်းများ နိုင်ငံတော်အစိုးရမှ ကူညီထောက်ပံ့ပြုပြင်မှုများ ဆောင်ရွက်နေသည့်အပြင် တရားဥပဒေစိုးမိုးရေးအတွက်လည်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

သဃ်နဲ့းကျွန်း မဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **နေရပ်စွန့်ခွာသူများ၏အခက်အခဲနှင့် ဆက်လက်ရပ်တည်နိုင်ရေးအပေါ် အစိုးရ၏ အစီအစဉ်များ ထုတ်ဖော်ပြောကြားပေးရန် သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက နိုင်ငံတော်အစိုးရအနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများ လတ်တလောနေထိုင်စားသောက်ရေးအဆင်ပြေမှုရှိစေရန် ယာယီခိုလှုံရာစခန်းများ ဖွင့်လှစ်ပေးခြင်း၊ နေရပ်စွန့်ခွာပြည်သူများကို လစဉ်ငွေကြေးများ ထောက်ပံ့ပေးအပ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ဆန်၊ ဆီ၊ ဆား အစရှိသည့်အခြေခံစားသောက်ကုန်များထောက်ပံ့ပေးအပ်ခြင်း၊ ယာယီခိုလှုံရာစခန်းများတွင် ခေတ္တခိုလှုံနေထိုင်စဉ်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ၏ သားသမီးများ ပညာသင်ကြားခွင့်ဆုံးရှုံးမှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် နယ်မြေအေးချမ်းမှုရှိသည့်နေရာများတွင် ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိနေထိုင်ရာ ဒေသသို့ ဘေးကင်းစွာပြန်လည်ဝင်ရောက်နေထိုင်နိုင်ရန် မိုင်းအန္တရာယ်ကင်းရှင်းရေးနှင့် နယ်မြေလုံခြုံရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ တိုက်ပွဲများကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေအိမ်များ ပြန်လည်တည်ဆောက်ရာတွင် လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်ခြင်း၊ တိုက်ပွဲများကြောင့် ပျောက်ဆုံး၊ ပျက်စီးသွားသည့်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အိမ်ထောင်စုလူဦးရေစာရင်းများကို ပြန်လည်စိစစ်ထုတ်ပေးခြင်း၊ ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်ရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် ပညာသင်ယူနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တပ်မတော်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဝိုင်းဝန်းပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများကို နိုင်ငံပိုင်သတင်းဌာနများ၊ နေ့စဉ်ထုတ် သတင်းစာများတွင် အများပြည်သူသိရှိစေရန် ထုတ်လွှင့်ခြင်း၊ ရေးသားဖော်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၏ **မွန်ပြည်နယ်ရှိ စစ်ဆေးရေးဂိတ်များမှ တရားမဝင်ဂိတ်ကြေးကောက်ခံနေမှုပပျောက်ရေးဆောင်ရွက်ပေးရန်အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မွန်ပြည်နယ်အတွင်းရှိ စစ်ဆေးရေးဂိတ်များတွင် နယ်မြေဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမဝင်အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်မှုမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ကုန်စည်စီးဆင်းမှု အဟန့်အတားမဖြစ်စေရေး ငွေကြေးတောင်းခံမှုများမရှိစေရေးနှင့် ပြည်သူများနှင့် ဆက်ဆံရာတွင် ယဉ်ကျေးပျူငှာစွာ ဆက်ဆံစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများအလိုက် တာဝန်ရှိသူအဆင့် ဆင့်မှ အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့်ငွေကြေးကောက်ခံမှုများရှိ၍ တိုင်ကြားလာပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ဧရာဝတီမြို့နယ်ရှိ သာယာအေးနှင့် ရွှေကံသာကျေးရွာများ၊ စာမျက်နှာ ၈ သို့**

တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ် (၆၄ / ၂၀၂၆)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၈ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃၃/ ၂၀၂၆) တွင် ဖော်ပြထားသည့် ကြည်း ၂၃၇၅၀ ဗိုလ်မှူးချုပ် အောင်အောင်နေရာတွင် ကြည်း ၂၇၉၅၅ ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းကို အစားထိုးပြောင်းလဲလိုက်သည်။

(ပုံ)သန်းစိုး
ဒုတိယ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ် (၆၅ / ၂၀၂၆)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃၅ / ၂၀၂၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က) ကယားပြည်နယ်လွှတ်တော်
ကြည်း ၂၆၈၆၃ အစား ကြည်း ၃၃၄၃၇
ဗိုလ်မှူးကြီးသန်းစိုးအောင် ဗိုလ်မှူးကြီးနောင်လတ်

(ခ) စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ကြည်း ၂၄၉၉၃၃ အစား ကြည်း ၃၁၅၇၄
ဗိုလ်မှူးကြီးဝင်းတင်စိုး ဗိုလ်မှူးကြီးမင်းသိန်း

(ဂ) မကွေးတိုင်းဒေသကြီးလွှတ်တော်
ကြည်း ၂၂၄၀၅ အစား ကြည်း ၃၁၈၂၃
ဗိုလ်မှူးကြီးမိုးမင်းသိန်း ဗိုလ်မှူးကြီးနိုင်ဇင်ထွန်း

(ဃ) မွန်ပြည်နယ်လွှတ်တော်
ကြည်း ၂၆၈၂၉ အစား ကြည်း ၃၀၂၇၈
ဗိုလ်မှူးကြီးကျော်စွာမြင့် ဗိုလ်မှူးကြီးရဲထွဋ်

(င) ရခိုင်ပြည်နယ်လွှတ်တော်
ကြည်း ၂၅၇၇၅ အစား ကြည်း ၃၁၆၈၂
ဗိုလ်မှူးကြီးကျော်သူရ ဗိုလ်မှူးကြီးဇော်လင်းထွန်း

(စ) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်
ကြည်း ၂၁၈၉၇ အစား ကြည်း ၃၂၇၆၃
ဗိုလ်မှူးကြီးဝင်းတင့် ဗိုလ်မှူးကြီးကျော်ကျော်ဦး

(ဆ) ရှမ်းပြည်နယ်လွှတ်တော်
ကြည်း ၂၄၉၇၀ အစား ကြည်း ၃၅၃၃၇
ဗိုလ်မှူးကြီးစိန်ဝင်း ဗိုလ်မှူးကြီးကျော်မျိုးမင်းလတ်

(ပုံ)သန်းစိုး
ဒုတိယ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လူမှုရေးပင်စင်အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လူမှုရေးပင်စင်အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများအား ထောက်ပံ့ရန် သုံးလပတ် ၂ ကြိမ် (၆)လစာ ရန်ပုံငွေ ရရှိခဲ့ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် **သို့မဟုတ်** ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)**များ ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့်ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှ ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများလွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များကို ကယား (၀၉-၆၆၅၈၀၁၃၂၂)၊ ကရင် (၀၉-၇၇၅၄၄၂၇၄၂)၊ ချင်း (၀၉-၄၅၆၁၀၁၉၃)၊ စစ်ကိုင်း (၀၉-၄၃၁၇၂၀၆)၊ တနင်္သာရီ (၀၉-၂၅၂၀၆၉၀၀၂)၊ နေပြည်တော် (၀၉-၂၅၁၀၇၉၄၉၆)၊ ပဲခူး (၀၉-၅၀၃၇၃၄၄)၊ မကွေး (၀၉-၂၅၁၃၁၁၃၃)၊ မန္တလေး (၀၉-၇၉၇၄၂၀၂၂)၊ မွန် (၀၉-၂၆၀၇၄၃၉၁)၊ ရခိုင် (၀၉-၄၂၁၇၆၈၄၅)၊ ရန်ကုန် (၀၉-၄၀၂၈၁၀၅၆)၊ ရှမ်း (၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ (၀၉-၇၈၂၅၇၈၄၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၇၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

MCCT အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် MCCT အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများအား ထောက်ပံ့ရန် သုံးလပတ် ၂ ကြိမ် (၆)လစာ ရန်ပုံငွေရရှိခဲ့ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့်လအလိုက် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် **သို့မဟုတ်** ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)**များ ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှ ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များကို ကယား (၀၉-၆၆၅၈၀၁၃၂၂)၊ ကရင် (၀၉-၄၂၅၁၀၀၃၇၄၈)၊ ချင်း (၀၉-၄၅၆၁၀၁၉၃)၊ စစ်ကိုင်း (၀၉-၂၅၈၇၃၅၉၀)၊ ရခိုင် (၀၉-၂၅၀၅၉၉၉၀)၊ ရှမ်း (၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ (၀၉-၇၈၂၅၇၈၄၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၇၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

မေတ္တာစွမ်းရည် ဒေါ်လန်းသီလရှင်စာသင်တိုက်သို့ ဝတ္ထုငွေ၊ ဆန်၊ ဆီများလှူဒါန်း

မော်လမြိုင် အောက်တိုဘာ ၂၁

မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ရှင်စောပုလမ်းရှိ မေတ္တာစွမ်းရည် ဒေါ်လန်းသီလရှင်စာသင်တိုက်၌ ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)မှသီတင်းကျွတ်အလှူအဖြစ် မေတ္တာစွမ်းရည် ဒေါ်လန်းသီလရှင်စာသင်တိုက်အား ဝတ္ထုငွေ၊ ဆန်၊ ဆီများလှူဒါန်းရာ မေတ္တာစွမ်းရည် ဒေါ်လန်းသီလရှင်စာသင်တိုက်ပဓာနနာယကဆရာကြီးဒေါ်ဂရုဏာဝတီနှင့်သီလရှင်များ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)မှပြည်နယ်မန်နေဂျာနှင့် ဆက်သွယ်ရေးဝန်ထမ်းများ စုစုပေါင်း ၁၀၀ ဦးခန့်တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)



မှ ပြည်နယ်မန်နေဂျာက ဝတ္ထုငွေ၊ ဆန်၊ ဆီများ စာသင်တိုက်ပဓာနနာယကဆရာကြီးဒေါ်ဂရုဏာဝတီထံသို့လှူဒါန်းပြီး စာသင်တိုက်မှ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သိရသည်။ (၄၀၆)

▶ စာမျက်နှာ ၇ မှ

ဒကွိဏာသီရိမြို့နယ်ရှိ သီရိမင်္ဂလာနှင့် စိုက်ခင်း(၃)ကျေးရွာများအား တရားဝင်ကျေးရွာများအဖြစ် သတ်မှတ်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဗိုလ်ချုပ်မင်းသူက ဇေယျာသီရိမြို့နယ်ရှိ သာယာအေးကျေးရွာ၊ ရွှေကံသာကျေးရွာနှင့် ဒကွိဏာသီရိမြို့နယ်ရှိ သီရိမင်္ဂလာကျေးရွာ၊ စိုက်ခင်း(၃) ကျေးရွာတို့ကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၄(ခ)နှင့်အညီ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ တင်ပြပြီး ခွင့်ပြုချက်ရရှိပါက ကျေးရွာမြေများအဖြစ်အသုံးပြုခွင့်ရရှိရန် ခွင့်ပြုမိန့်၊ ပယ်ဖျက်မိန့်များရရှိနိုင်ရေး နေပြည်တော်ကောင်စီက ဆောင်ရွက်ပြီး ခွင့်ပြုမိန့်များရရှိမှသာလျှင် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး ကျေးရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နေပြည်တော်ကောင်စီက ဆက်လက်ဆောင်ရွက်သွားရမည့် ကိစ္စဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **"အမျိုးသားဘာသာ၊ စာပေနှင့် ယဉ်ကျေးမှု၊ ရိုးရာထုံးစံများမပျောက်မပျက်စေရေးအတွက် အမျိုးသားဘာသာ၊ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ မူဝါဒနှင့် အမျိုးဘာသာစာပေ ရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ/နည်းဥပဒေ(တစ်ခု)ရေးဆွဲပြီး တိုတိုကျကျ ပြဋ္ဌာန်းသင့်ကြောင်း အဆို"**ကို တင်သွင်းရာ သၾကန်းကျွန်း မဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအားလက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း"**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို အောက်တိုဘာလ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

စရိတ်သက်သာ၍ အကျိုးအမြတ်ပိုမိုရရှိစေသော ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆီသို့

ဥမ္မာစိုး(စိုက်ပျိုးရေး)

ယနေ့ကြံစိုက်ပျိုးရေးလုပ်ငန်းတွင် ဓာတ်မြေဩဇာ၊ မျိုး၊ ပိုးသတ်ဆေးနှင့် လုပ်အားခ စသည့်သွင်းအားစုစရိတ်များ မြင့်တက်လာခြင်းသည်ကြံစိုက်တောင်သူများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနေသည်။ မြန်မာနိုင်ငံ၏ကြံသီးနှံပန်းတိုင်အထွက်နှုန်းမှာ တန် ၃၀ သတ်မှတ်ထားပြီး လက်ရှိပျမ်းမျှ ၂၇ တန်ထွက်ရှိနေသော်လည်း ကြံတစ်ဧကစိုက်ပျိုးထုတ်လုပ်မှုစရိတ်အပေါ်တွင် တောင်သူများ၏အကျိုးအမြတ်ရရှိမှုမှာ မိသားစုစားဝတ်နေရေးအတွက် လုံလောက်ရန်ခက်ခဲလျက်ရှိနေသဖြင့် ကုန်ကျစရိတ်လျှော့ချနိုင်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကို မြှင့်တင်ကာ အမြတ်ပိုမိုရရှိစေသည့် နည်းလမ်းများကို အသုံးချရန်လိုအပ်သည်။

တောင်သူများသည်လက်တွေ့ဘဝတွင် မိမိတို့၏လုပ်ငန်းအတွေ့အကြုံများဖြင့် လုပ်ကိုင်နေကြသော်လည်း နည်းပညာအသိဖြင့်ပေါင်းစပ်၍ ချိတ်ဆက်မိအောင် ဆောင်ရွက်ရန် လိုအပ်သည်။ ဥပမာအနေဖြင့် ကြံအထွက်တိုးရေးအတွက် ဓာတ်မြေဩဇာအသုံးပြုရာတွင် ဓာတ်မြေဩဇာထည့်သွင်းခြင်းဖြင့် အထွက်တိုးသည်ဟူသော အချက်တစ်ခုတည်း အပေါ်တွင်မူမတည်ဘဲ အသုံးပြုရမည့် နှုန်းထား၊ မြေအမျိုးအစား၊ အစိုဓာတ်အနည်းအများ၊ ကျွေးချိန်၊ မိမိစိုက်ပျိုးထားသောကြံမျိုး၏သဘာဝ၊ ကြံပင်စိုက်တန်းအကွာအဝေး၊ အပင်ဦးရေ စသော အချက်များနှင့် အပြန်အလှန်တုံ့ပြန်မှုရှိသဖြင့် အထက်ပါအချက်များအားလုံးမိတ်ဖက်တုံ့ပြန်မှုရှိမှသာ ကြံအထွက်အကောင်းဆုံးရရှိမည်ဖြစ်သည်။

ကြံသီးနှံစိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာသုံးစွဲမှုသည် စိုက်ပျိုးစရိတ်၏ကြီးမားသောရာခိုင်နှုန်းတစ်ခုတွင် ပါဝင်နေသဖြင့်မြေဩဇာကို စနစ်တကျချိန်ဆ၍ သုံးစွဲခြင်းသည် အပင်ကြီးထွားမှုကို အထောက်အကူပြုရုံသာမက တောင်သူများအတွက် စီးပွားရေးအရ တွက်ခြေကိုက်မှုကိုပါ တိုက်ရိုက်အကျိုးသက်ရောက်စေသည်။ မြေဆီလွှာစစ်ဆေးပြီးမှ လိုအပ်ချက်အလိုက် တိကျသော ပမာဏသုံးစွဲခြင်းကြောင့် မလိုအပ်သော မြေဩဇာဖိုးကုန်ကျစရိတ်ကို ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်။

မြေဩဇာဈေးနှုန်း ကြီးမြင့်သည့်အတွက် စရိတ်သက်သာပြီး ထိရောက်မှုရှိစေရန် မိမိပတ်ဝန်းကျင်တွင်ရရှိနိုင်သည့် သဘာဝမြေဩဇာများဖြစ်သည့် နွားချေး၊ ကြက်ချေး၊ ကြံမြှုပ်ချေး၊ ကွန်ပို့စ်နှင့် ကြံပင်ကြွင်းကျန်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းဖြင့် မြေဆီလွှာ၏ သဘာဝမြေဩဇာကြွယ်ဝမှုကို ရေရှည်တည်တံ့စေပြီး နောင်နှစ်များတွင် ဓာတ်မြေဩဇာသုံးစွဲရမည့်စရိတ်ကို တဖြည်းဖြည်းလျှော့ချပေးနိုင်သည့်အပြင် မြေဆီလွှာပျက်စီးဆုံးရှုံးမှုမရှိဘဲ နှစ်စဉ်ပုံမှန်အထွက်နှုန်းကောင်းမွန်စွာ ဆက်လက်ရရှိနိုင်ခြင်းက စိုက်ပျိုးရေးလုပ်ငန်းကို ရေရှည်ရပ်တည်နိုင်စေသည့် အကျိုးကျေးဇူးကိုရရှိစေသည်။

မြေဩဇာစနစ်တကျသုံးစွဲခြင်းဆိုသည်မှာ **"စရိတ်လျှော့ချခြင်း"** သက်သက်မဟုတ်ဘဲ **"ရင်းနှီးမြှုပ်နှံမှုအတွက် အကောင်းဆုံးပြန်အမ်းငွေရရှိအောင်စိမံခန့်ခွဲခြင်း"** ပင်ဖြစ်သည်။ မှန်ကန်သောအချိုးအစား၊ မှန်ကန်သောအချိန်ကာလနှင့် သဘာဝမြေဩဇာကို ပေါင်းစပ်သုံးစွဲခြင်းကသာ ကြံစိုက်တောင်သူများအတွက် အသားတင်



အမြတ်ငွေကို အမြင့်မားဆုံးပေးစွမ်းနိုင်မည်ဖြစ်သည်။

ကမ္ဘာ့ကြံစိုက်ပျိုးထုတ်လုပ်မှုတွင် ဦးဆောင်နေကြသောနိုင်ငံများ (ဘရာဇီး၊ ဩစတြေးလျ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံ)တွင် မြေဆီလွှာအရည်အသွေးမထိခိုက်စေဘဲ အထွက်နှုန်းအမြင့်ဆုံးရရှိရန် ခေတ်မီနည်းပညာများနှင့် စနစ်ကျသောအလေ့အကျင့်များကို ကျင့်သုံးလျက်ရှိကြသည်။ သကြားစက်ရုံများမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းကြွံမြှုပ်ချေး (ဖော့စဖရပ်ကြွယ်ဝ)နှင့် အရက်ချက်စက်ရုံများမှ ထွက်လာသော ရေဆိုးအရည် (ပိုတက်စီယမ်နှင့် အော်ဂဲနစ်ဓာတ်ကြွယ်ဝ) တို့ကို စက်ရုံများနှင့် စိုက်ခင်းများချိတ်ဆက်ကာ မြေဩဇာအဖြစ် စနစ်တကျပြန်လည်လောင်းထည့်ခြင်းဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုကို သိသိသာသာလျှော့ချနိုင်ခြင်း၊ ကြံခင်းများကို မီးရှို့ခုတ်သိမ်းခြင်းမပြုတော့ဘဲ စက်ဖြင့်ရိတ်သိမ်းပြီး ကျန်ရစ်သောကြံရွက်ခြောက်များကို မြေဖုံးအဖြစ် ထားရှိခြင်းဖြင့် မြေဆီလွှာစိုစွတ်မှုကို ထိန်းသိမ်းပြီး အော်ဂဲနစ်ပမာဏတိုးပွားစေသည့်နည်းလမ်းများကို ဆောင်ရွက်လာကြသည်။

ယနေ့နိုင်ငံတကာ၏အလေ့အကျင့်များကို လေ့လာကြည့်ပါက မြေဩဇာကို အဆမတန်သုံးစွဲရုံဖြင့် အထွက်တိုးသည်မဟုတ်ဘဲ **"တိကျသောအချက်အလက်အပေါ်အခြေခံသည့် စီမံခန့်ခွဲမှု"** ကို ကျင့်သုံးခြင်းကသာ ကုန်ကျစရိတ်ကို သက်သာစေပြီး ရေရှည်စီးပွားရေးအရ တွက်ခြေကိုက်မှုကိုဖြစ်ထွန်းစေကြောင်း တွေ့ရှိရသည်။

တစ်ဧကအထွက်နှုန်းတိုးတက်ရေးတွင် အပင်အရေအတွက် လုံလောက်စွာရရှိရေးအတွက် စိုက်တန်းအကွာအဝေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကြံစိုက်တန်းကြား အကွာအဝေးသည် ရာသီဥတု၊ မြေဆီလွှာအဆင့်အတန်း၊ ကြံမျိုး၏ပင်ပွားထွက်နိုင်မှုစွမ်းရည်၊ စိုက်ပျိုးသည့်နည်းလမ်း၊ စိုက်စနစ်၊ မိမိရင်းနှီးမြှုပ်နှံနိုင်မှု စသောအချက်များပေါ် အပြန်အလှန်တုံ့ပြန်မှုရှိသဖြင့် မိတ်ဖက်တုံ့ပြန်မှုကိုအများဆုံးအပေါ်အခြေခံပြီး ဆောင်ရွက်ရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးရာ၌ စိုက်တန်းအကွာအဝေး အမျိုးမျိုးကို အသုံးပြုကြရာ စိုက်တန်းအကွာအဝေး ကွာခြားမှုအပေါ်မူတည်၍ အပင်ဖြစ်ထွန်းမှု၊ အလုပ်သမားနှင့် စက်ကိရိယာအသုံးပြုနိုင်မှုတို့တွင် အားသာချက်နှင့် အားနည်းချက်များ အသီးသီးရှိကြသည်။

စိုက်တန်းအကွာအဝေး ၃၀-၃၃ ဒသမ ၅ ပေအသုံးပြုခြင်းဖြင့် အပင်စိပ်သဖြင့် အစောပိုင်းကာလတွင် မြေပြင်ကိုအရိပ်ကျစေပြီး ပေါင်းပေါက်မှုကို သဘာဝအတိုင်းသက်သာစေကာ ဧရိယာတစ်ခုချင်းအလိုက် အပင်ဦးရေပိုမိုဝင်ဆံ့သဖြင့် တစ်ဧကအထွက်နှုန်း ကနဦးတွင်ကောင်းမွန်နိုင်ခြေရှိသော်လည်း စက်ကိရိယာဖြင့်ဆောင်ရွက်ရန် ကျဉ်းလွန်းသဖြင့် အများစုမှာလူလုပ်အားကိုအဓိကအားထားရခြင်း၊ အပင်ကြီးလာသည့်အခါ လေဝင်လေထွက်နှင့် နေရောင်ခြည်ရရှိမှုနည်းပါးသဖြင့် ရောဂါကျရောက်ရန်နှင့် ကြံပင်များလဲကျရန် လွယ်ကူခြင်းကို ဖြစ်ပေါ်စေသည်။ စိုက်တန်းအကွာအဝေး ၄ပေ-၄ ဒသမ ၅ ပေသည်လက်ရှိစီးပွားဖြစ်ကြံစိုက်ပျိုးရေးတွင် အသုံးအများဆုံးနှင့် သင့်တင့်မျှတသော စနစ်ဖြစ်ပြီး စက်ကိရိယာငယ်များဖြင့် မြေပြုပြင်ခြင်းနှင့် ပေါင်းလိုက်ခြင်းတို့ကို အဆင်ပြေချောမွေ့စွာလုပ်ဆောင်နိုင်သဖြင့် လုပ်သားရှားပါးမှုကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်ခြင်း၊ နေရောင်ခြည်နှင့် လေဝင်လေထွက်ကောင်းမွန်သဖြင့် အပင်များသန်စွမ်းပြီး သကြားဓာတ် ပိုမိုကောင်းမွန်စေရန် အထောက်အကူပြုစေသော်လည်း စိုက်တန်းအကွာအဝေးကျယ်သွားခြင်းကြောင့် အစပိုင်းတွင် ပေါင်းမြက်ရှင်းလင်းရေးကို ပိုမိုဂရုစိုက်ရန် လိုအပ်သည်။ စိုက်တန်းအကွာအဝေး ၅ ပေနှင့်အထက်/နှစ်တန်းတွဲဖက်စိုက်စနစ်မှာ ခေတ်မီစက်မှုလယ်ယာနှင့် ကျယ်ပြန့်သော ကြံစိုက်ပျိုး ထုတ်လုပ်ရေးအတွက် ရည်ရွယ်စိုက်ပျိုးသည့် စနစ်ဖြစ်ပြီး ထွန်စက်ကြီးများ၊ ကြံခုတ်စက်များ အပြည့်အဝ ဝင်ရောက်လုပ်ကိုင်နိုင်သဖြင့် ကုန်ကျစရိတ်ကို ရေရှည်တွင် ကြီးမားစွာသက်သာစေခြင်း၊ အပင်တစ်ပင်ချင်းစီအတွက် အာဟာရ၊ ရေနှင့် နေရောင်ခြည်ကို အပြည့်အဝရရှိစေသဖြင့် ကြံလုံးပတ်ကြီးပြီး အထွက်နှုန်းတစ်သမတ်တည်းထွက်ရှိစေသော်လည်း စိုက်ပျိုးသည့် အစောပိုင်းကာလတွင် မြေပြင်အလွတ်များကျန်ရှိနေသဖြင့် ပေါင်းမြက်များ အလွယ်တကူပေါက်ရောက်နိုင်ပြီး ပေါင်းနှိမ်နင်းရေးကို အထူးဂရုစိုက်ရခြင်း၊ စတင်စိုက်ပျိုးချိန်တွင် တစ်ဧကချင်းအလိုက် အပင်ဦးရေနည်းသွားနိုင်သဖြင့် စနစ်တကျ အာဟာရကျွေးမွေးမှုမရှိပါက အထွက်နှုန်းထိခိုက်နိုင်သည်။ အထက်ပါအချက်များ အပေါ်အခြေခံပြီး မိမိတို့ဒေသ၏ မြေဆီလွှာအမျိုးအစား၊ ရေရရှိနိုင်မှုနှင့် စက်ကိရိယာအသုံးပြုနိုင်မှုတို့တွင် အားသာချက်နှင့် အားနည်းချက်များ အသီးသီးရှိကြသည်။

မြေဆီလွှာအဆင့်အတန်းနှင့် ကြံမျိုး၏ပင်ပွားထွက်နိုင်စွမ်းအပေါ်မူတည်၍ သင့်လျော်သော စိုက်တန်းအကွာအဝေးကိုရွေးချယ်ခြင်းသည် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်အများဆုံးရရှိစေရန်အတွက်လည်း အဓိကကျသည်။ မြေဩဇာကောင်းမွန်ပြီး မြေဆီလွှာအဆင့်အတန်းကောင်းမွန်က ပင်ပွား



ထွက်နိုင်မှု အလွန်ကောင်းမွန်ပြီး အပင်ကြီးထွားမှုသန်မာသဖြင့် တန်းစိပ်စိုက်ပါက အပင်ချင်းယှဉ်ပြိုင်မှုများပြီး ယိုင်လဲလွယ်သဖြင့် စိုက်တန်းအကွာ ၄ ဒသမ ၅ ပေမှ ၅ ပေထားသင့်သည်။

မြေဆီလွှာ အလယ်အလတ် စားဖြစ်ပါက ပင်ပွားထွက်နိုင်မှုအသင့်အတင့် ရှိသဖြင့် စိုက်တန်းအကွာအဝေး ၄ ပေ ပတ်ဝန်းကျင်ထားခြင်းက အသင့်လျော်ဆုံးဖြစ်သည်။ မြေဆီလွှာညံ့ဖျင်းသောမြေများတွင် အပင်ပွားနှုန်းနည်းပါးပြီး အပင်ကြီးထွားမှုနှေးကွေးသဖြင့် စိုက်တန်းအကွာအဝေး ၃ ပေ မှ ၃ ဒသမ ၅ ပေဖြင့် စိပ်စိပ်စိုက်ပျိုးသင့်သည်။ သို့မှသာ တစ်ဧကအပင်ဦးရေလုံလောက်စွာရရှိပြီး မြေပြင်ကို အမြန်ဆုံးဖုံးအုပ်နိုင်မည်ဖြစ်သည်။

ကြံမျိုး၏ ပင်ပွားထွက်နိုင်မှုနှုန်း၊ စိုက်တန်းအကွာအဝေးဆက်စပ်မှုတွင် ပင်ပွားနှုန်းကောင်းသော ကြံမျိုးများကို စိုက်တန်းအကွာအဝေး ၄ ဒသမ ၅ ပေ - ၅ ပေထားစိုက်ခြင်းဖြင့် မျိုးဖိုးသက်သာစေပြီး အပင်ကြီးလာသည့်အခါ လေဝင်လေထွက်ကောင်းစေသည်။ ပင်ပွားနှုန်းညံ့သော ကြံမျိုးများ၏စိုက်တန်းအကွာအဝေးကို ၃ ဒသမ ၅ ပေ - ၄ ပေသတ်မှတ်ပြီး စိုက်ပျိုးမှသာ အပင်ဟာမှုမရှိဘဲ တစ်ဧကအထွက်နှုန်း ပြည့်မီမည်ဖြစ်သည်။

ကမ္ဘာ့ကြံအများဆုံးစိုက်ပျိုးထုတ်လုပ်ကြသည့် နိုင်ငံများဖြစ်သော ဘရာဇီး၊ အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင် လုပ်သားရှားပါးမှုပြဿနာကိုကျော်လွှားရန်နှင့် ကုန်ကျစရိတ်အသက်သာဆုံးဖြင့် အကျိုးအမြတ်အများဆုံးရရှိရန်အတွက် စက်မှုလယ်ယာစနစ်နှင့်ကိုက်ညီသော ခေတ်မီစိုက်ပျိုးမှုပုံစံများကိုကျင့်သုံးလာကြသည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် စိုက်တန်းအကွာအဝေးကို ၅ ပေ မှ ၆ ပေ အထိထားပြီး ကြံတန်းကြားလပ်များတွင် သက်တမ်းတိုသီးနှံများ (ပဲမျိုးစုံ၊ ပြောင်း၊ ဟင်းသီးဟင်းရွက်) ကို ကြံစိုက်ပျိုးသည့် ပထမ ၃-၄ လအတွင်း သီးနှံညှပ်စိုက်ကြသဖြင့် ကြံပင် မကြီးထွားမီကာလအတွင်း သီးညှပ်စိုက်မှ ဝင်ငွေစောစီးစွာရရှိသဖြင့် တစ်နှစ်ပတ်လုံး ငွေကြေးလည်ပတ်မှုကို အထောက်အကူပြုခြင်း၊ ကြံတန်းကြားရှိပေါင်းမြက်ပေါက်ပွားမှုကို သဘာဝအတိုင်းသက်သာစေပြီး ဓာတ်မြေဩဇာကိုလည်း အကျိုးရှိစွာအသုံးချနိုင်ခြင်းကြောင့် တစ်ဧကအပေါ်တွင် အကျိုးအမြတ် သိသိသာသာတိုးတက်ရရှိစေသည်။ **စာမျက်နှာ ၁၀ သို့ ◆**

◆ **စာမျက်နှာ ၉ မှအဆက်**

မြန်မာနိုင်ငံ၏ ကြဲစိုက်ပျိုးရေးကဏ္ဍတွင် အထက်ပါ ကမ္ဘာ့အဆင့်မီစက်မှုလယ်ယာနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို အချို့သောကုမ္ပဏီကြီးများ၏ စိုက်ခင်းများ (ဥပမာ- ရွှေပြည်မြေ၊ မန္တလေး - စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်း/မြောက်ပိုင်းရှိ အချို့သော သကြားစက်ပိုင်စိုက်ခင်းများ)တွင် စတင်ကျင့်သုံးနေပြီဖြစ်သည်။

သို့သော်လည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသည့် အသေးစားနှင့် အလတ်စားတောင်သူအများစုတွင်မူ မိရိုးဖလာစနစ်အတိုင်းသာ ဆက်လက်စိုက်ပျိုးနေဆဲဖြစ်သည့်အတွက် ကမ္ဘာ့အဆင့်မီစရိတ်သက်သာပြီး အကျိုးအမြတ်များသည့်စနစ်များသို့ အပြည့်အဝကူးပြောင်းနိုင်ရန်အတွက် အဓိကဖြည့်ဆည်းပေးရန် လိုအပ်နေသည့်အချက်များမှာ ခေတ်မီ GPS ပါသော ကြဲစိုက်စက်ကြီးများ၊ နှစ်တန်းတွဲဖက်စိုက်စက်များ၊ ကြဲခုတ်စက်ကြီးများကို တောင်သူတိုင်း ကိုယ်ပိုင်ဝယ်ယူရန်မဖြစ်နိုင်သေးသဖြင့် သကြားစက်ရုံများက သို့မဟုတ် အငှားဝန်ဆောင်မှုပေးသည့်စနစ်များ ပိုမိုတွင်ကျယ်ရန် လိုအပ်သည့်အပြင် စက်ကြီးများဝင်ရောက်နိုင်ရန် မြေညှိခြင်းနှင့် ထွန်စက်ကြီးများ လွှတ်လပ်စွာသွားလာနိုင်သည့်လမ်းများ မျိုးကောင်းမျိုးသန့်နှင့် မြေပြင်စရိတ်တို့အတွက် ရင်းနှီးမြှုပ်နှံမှုပိုလိုအပ်သဖြင့် တောင်သူများကို အတိုးနှုန်းသက်သာ

ခေတ်မီစိုက်ပျိုးရေးစနစ်သို့ပြောင်းလဲရန် ပထမအကြိမ်တွင် စက်ကိရိယာ၊ မျိုးကောင်းမျိုးသန့်နှင့် မြေပြင်စရိတ်တို့အတွက် ရင်းနှီးမြှုပ်နှံမှုပိုလိုအပ်သဖြင့် တောင်သူများကို အတိုးနှုန်းသက်သာသော စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိရန်လိုအပ်၊ နိုင်ငံတကာသုံးနေသော နှစ်တန်းတွဲစိုက်စနစ်၊ သီးညှပ်စိုက်စနစ်နှင့် ကြံပင်ကြွင်းကျန် မီးမရှို့ဘဲထားရှိခြင်း၏အကျိုးကျေးဇူးများကို တောင်သူများကိုယ်တိုင် မျက်မြင်တွေ့ရှိနိုင်ရန် ဒေသအလိုက် စံပြစိုက်ခင်းများဆောင်ရွက်သင့်. . .

သော စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိရန်လိုအပ်သည်။ နိုင်ငံတကာသုံးနေသော နှစ်တန်းတွဲစိုက်စနစ်၊ သီးညှပ်စိုက်စနစ်နှင့် ကြံပင်ကြွင်းကျန် မီးမရှို့ဘဲထားရှိခြင်း၏ အကျိုးကျေးဇူးများကို တောင်သူများကိုယ်တိုင် မျက်မြင်တွေ့ရှိနိုင်ရန် ဒေသအလိုက် စံပြစိုက်ခင်းများ ဆောင်ရွက်သင့်သည်။ ပင်ပွားနှုန်းကောင်းပြီး ရောဂါဒဏ်ခံနိုင်သော ခေတ်မီကြံမျိုးကောင်းမျိုးသန့်များကို တောင်သူများလက်ဝယ်သို့ လွယ်ကူစွာဝယ်ယူရရှိနိုင်သည့် စနစ်ခိုင်မာလာရန်လည်း လိုအပ်သည်။ လက်ရှိမြန်မာနိုင်ငံတွင် အဆိုပါစနစ်များသို့ ကူးပြောင်းမှုများစတင်ပေါ်ပေါက်နေပြီဖြစ်သော်လည်း လုပ်သားရှားပါးလာမှုနှင့် ကုန်ကျစရိတ်မြင့်မားလာမှုကို ရင်ဆိုင်ဖြေရှင်းရန် စက်မှုလယ်ယာ ဝန်ဆောင်မှုများကို တောင်သူများ ပိုမိုလက်လှမ်းမီနိုင်ရေးနှင့် စိုက်ပျိုးရေးနည်းပညာ ဖြန့်ဝေမှုများ တိုးမြှင့်ရေး ပိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံအာမခံဈေးကွက်တွင် နိုင်ငံပိုင်မြန်မာ့အာမခံလုပ်ငန်းအပါအဝင် စုစုပေါင်း ၂၇ ခုဖြင့် လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံအာမခံဈေးကွက်တွင် ပြည်တွင်းပုဂ္ဂလိက အသက်အာမခံကုမ္ပဏီကိုးခု၊ ဖက်စပ်အသက်အာမခံကုမ္ပဏီသုံးခု၊ ရာနှုန်းပြည့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီငါးခုပြည်တွင်း ပုဂ္ဂလိကအထွေထွေအာမခံကုမ္ပဏီခြောက်ခု၊ ဖက်စပ်အထွေထွေအာမခံကုမ္ပဏီသုံးခု၊ အသက်နှင့် အထွေထွေအာမခံ နှစ်မျိုးလုံးလုပ်ကိုင်သည့် နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်းအပါအဝင်စုစုပေါင်း ၂၇ ခုဖြင့် လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၄၁)ကြိမ်မြောက် (ပုံမှန်)အစည်းအဝေး (၂/၂၀၂၆)မှ သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရုံးအမှတ် (၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံအာမခံဈေးကွက်တွင် နိုင်ငံသားပိုင်၊ နိုင်ငံခြားသားရာနှုန်းပြည့်ပိုင်၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ပိုင် စသည်ဖြင့် ဟန်ချက်ညီစွာခွင့်ပြုထားပြီး အာမခံအမျိုးအစားစုံလင်စွာ ခွင့်ပြုထားပြီးဖြစ်၍ ဈေးကွက်တွင် ယှဉ်ပြိုင်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း၊ အာမခံကဏ္ဍစနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်သူပြည်သားများအတွက် အာမခံအကာအကွယ် ပိုမိုရရှိစေရေးအတွက် အာမခံအမျိုးအစားသစ်များကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရေးနှင့် မြန်မာနိုင်ငံအာမခံဈေးကွက် ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုစေရေး စသည်တို့ကို ဆက်လက်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးက အကြိမ် (၄၀)မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို တင်ပြရာ အာမခံအမျိုးအစားသစ်များဖြစ်ကြသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏အသင်းသားများအတွက်အသက်အာမခံအမျိုးအစားသစ်၊ PRU မေတ္တာအာမခံအမျိုးအစားသစ်၊ AIA တိုးပွားစီမံအာမခံအမျိုးအစားသစ်၊ စိတ်ကြိုက်ခန့်တိုးအသက်အာမခံအမျိုးအစားသစ်၊ ပြည်ပပါဆယ်အာမခံအမျိုးအစားသစ်၊ Daiichi Smart Protect ကျန်းမာရေးအာမခံအမျိုးအစားသစ်စုစုပေါင်း အာမခံအမျိုးအစားသစ်ခြောက်မျိုးကို အဖွဲ့ဝင်များကဖြည့်စွက်ဆွေးနွေးအကြံပြုဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏အာမခံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံအမျိုးအစား ၇၂ မျိုးကို ခွင့်ပြုထားပြီး နိုင်ငံခြားအာမခံကိုယ်စားလှယ်ရုံး ၂၄ ခု၊ အာမခံလျော်ကြေးတွက်ချက်သည့် Adjuster & Surveyors ကုမ္ပဏီ ငါးခု၊ ကော်ပိုရိတ်အာမခံကိုယ်စားလှယ် ၇၀ ခု၊ တစ်ဦးချင်းအာမခံကိုယ်စားလှယ်စုစုပေါင်း ၂၅၁၁၉ ဦး၊ အာမခံကိုယ်စားလှယ်အရည်အချင်းစစ်စင်တာတစ်ခုနှင့် ဌာနတွင်းအာမခံကိုယ်စားလှယ်သင်တန်းကျောင်း ၂၅ ခုတို့ကို ခွင့်ပြုထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၀-၂၀၂၆(ကြာသပတေးနေ့)

၁။	၀၆:၀၃	တရားတော်	၆။	၁၀:၁၅	နိုင်ငံတကာသတင်း
၂။	၀၇:၀၅	နုပျိုလှပကျန်းမာဖို့	၇။	၁၂:၃၀	မှုဝေဆွေးနွေးအနာဘတ်အရေး
		လမ်းလျှောက်ကြပါစို့	၈။	၁၆:၄၅	မျိုးချစ်တပ်မတော်
၃။	၀၈:၃၀	မောင်မယ်လေးများသိစေချင်	၉။	၁၇:၂၅	မှတ်သားလိုက်နာပုံပမာ
၄။	၀၈:၅၀	၁၂ လရာသီမှတ်တမ်း	၁၀။	၁၈:၃၀	ယဉ်ကျေးမှုအမွေမြန်မာစာပေ
၅။	၀၉:၅၀	တွေးမယ် ဖြေမယ်	၁၁။	၁၈:၄၀	မွေးမြူသုတ

လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေး

ပဲခူး အောက်တိုဘာ ၂၁



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်၍ လစဉ်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင်-၅၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေမှုနှင့် ရေသန့်နှင့်ကော်ဖီများအခမဲ့တိုက်ကျွေးနေမှုများအား လိုက်လံကြည့်ရှုပြီး ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လစဉ်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၁၀)

ကလောမြို့နယ်ရှိ သောက်သုံးရေရှားပါးနိုင်သည့်ကျေးရွာများ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

ကလော အောက်တိုဘာ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ဘော်ဆိုင်းကျေးရွာအုပ်စုအတွင်းရှိကျေးရွာများသို့ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယမန်နေ့က ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ဘော်ဆိုင်းကျေးရွာအုပ်စုအတွင်းရှိ ရွာဟောင်း၊ တံတားကန်၊ နန့်မူထိန်၊ ကျောက်ပေါက်၊ သာစည်နှင့် သဲကုန်းကျေးရွာတို့၏ လက်ရှိရေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးသည်။


ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ ခရိုင်ခြောက်ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှစ်ခုနှင့် မြို့နယ် ၂၁ မြို့နယ်တို့ရှိကျေးရွာများ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် သောက်သုံးရေရှားပါးမှုကို ကြိုတင်ကာကွယ်ဖြေရှင်းနိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ






















❐ ကျောပုံးမှအဆက်

AA အကြမ်းဖက်အဖွဲ့နှင့် CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့အား ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိသည့် ကျင်ဒွေးမြို့ရှိ မြို့လုံခြုံရေးဆောက်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ အင်အားအလုံးအရင်းအသုံးပြုကာ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြို့အားယာယီစိုးမိုးကာ အဖျက်အမှောင့်လုပ်ရပ်များကို ဥပဒေမဲ့ကျူးလွန်ခဲ့ကြသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ နေအိမ်အဆောက်အအုံများ၊ ပစ္စည်းဥစ္စာများကို စွန့်လွှတ်၍ ယာယီခံစစ်စခန်းများ ပြုလုပ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ အဖိုးတန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် အသုံးအဆောင် ပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ ကျင်ဒွေးမှတစ်ဆင့် လှိုင်ဒုတ်-လောင်းရှည် ဆက်သွယ်ရေး လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် ဝင်ရောက်နေထိုင်၍ အဖျက်အမှောင့် လုပ်ငန်းများလုပ်ဆောင်ခြင်း၊ လမ်း/တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ အခိုင်အမာခံစစ်စခန်းများ တည်ဆောက်ခြင်းများအပြင် အဆိုပါ လမ်းကြောင်းတစ်လျှောက်တွင် မိုင်းထောင်ခြင်း၊ လမ်းကြောင်း၌ သွားလာလျက်ရှိသည့် မော်တော်ယာဉ်များ အဆက်မပြတ်ကြီးမြင့်ခြင်းများဖြစ်ပေါ်ခဲ့ကာ ဒေသခံတိုင်းရင်းသားပြည်သူများမှာ စားဝတ်နေရေးအတွက် ဒုက္ခကြီးစွာခံစားရလျက်ရှိပြီး ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ များစွာနိမ့်ကျလျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူများ လုံခြုံစိတ်ချရသည့် လူမှုစီးပွားဘဝများဖြင့် လုပ်ကိုင်နေထိုင်နိုင်ရေးတို့အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်နိုင်ရန် လောင်းရှည်တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အသက်ကိုပဓာနမထားဘဲ ရင်ကို မြေကတုတ်လုပ်၍ အခက်အခဲများကြားမှ ရဲဝံ့စွန့်စားစွာဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ စက်တင်ဘာလ ၂၄ ရက်တွင် ပွိုင့်-ဖဒပ တောင်ကုန်းအား လည်းကောင်း၊ စက်တင်ဘာလ ၂၅ ရက်တွင် ပွိုင့်-၁၀၅၃ တောင်ကုန်းအား လည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်တွင် ပွိုင့်-၉၃၄ တောင်ကုန်းအား လည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်တွင် ပွိုင့်-၁၀၅၉ တောင်ကုန်းအား လည်းကောင်း၊ အောက်တိုဘာလ ၄ ရက်တွင် မဆွာတွီကျေးရွာအား လည်းကောင်း၊ အောက်တိုဘာလ ၈ ရက်တွင် **စာမျက်နှာ ၁၃ သို့** ❐

တပ်မတော်စစ်ကြောင်းများက လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးကာ စစ်စခန်းအဖြစ်အသုံးပြု၍ ခိုအောင်းနေထိုင်နေသည့် ကျေးရွာများနှင့်စခန်းကုန်းနေရာများအား သိမ်းပိုက်ရရှိမှုနေရာပြမြေပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေးလမ်းကြောင်းပေါ်ရှိ ကျေးရွာများနှင့်စခန်းကုန်းနေရာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့မှုမှတ်တမ်း။









ပွိုင့် ၅၇၆ တောင်ကုန်း





မဆွာတွီကျေးရွာ



လောင်းရှည်-ကျင်ဒွေးလမ်းဘေးတွင် ဘန်ကာများဆောက်လုပ်၍ စစ်စခန်းအဖြစ်အသုံးပြုထားပုံ



ပွိုင့် ၁၀၅၉ တောင်ကုန်းအနီး






ပွိုင့် ၁၂၆၆ တောင်ကုန်းမှ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။


အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။

ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါကျင်ဒွေးမြို့အား ယာယီစိုးမိုးထားစဉ်အတွင်း မြို့တွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ အတွင်း ယာဉ်များထံမှဆက်ကြေးကောက်ခံခြင်း၊ အပြစ်မဲ့ခရီးသွားပြည်သူများအား ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည့် အတွက် ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များ အနေဖြင့် ဖြတ်သန်းသွားလာရန်ကန့်သတ်ချက်များကြောင့် ဒေသတွင်းကုန်စည် စီးဆင်းမှုရပ်တန့်ခဲ့ရပြီး ကုန်စျေးနှုန်း

အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။





ပွိုင့် ၁၂၇၆ တောင်ကုန်းမှ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။

အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။



ပွိုင့် ၁၂၇၆ တောင်ကုန်းမှ သိမ်းဆည်းရမိ
လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။



ပွိုင့် ၁၂၇၆ တောင်ကုန်းမှ သိမ်းဆည်းရမိ
ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ။

အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့်
လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။



ပွိုင့် ၁၇၃၂ တောင်ကုန်းအနီးစခန်းနေရာမှ သိမ်းဆည်းရမိ
လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။



ပွိုင့် ၁၇၃၃ အနီး တောင်ကုန်းမှ သိမ်းဆည်းရမိ
လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။

အကြမ်းဖက်သောင်းကျန်းသူများက လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေးဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ကျေးရွာများနှင့်ဝန်းကျင်နေရာများတွင် ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ်အသုံးပြုထားပုံ။




အကြမ်းဖက်သောင်းကျန်းသူများက ဆွဲလွဲကျင်းကျေးရွာရှိ
စာသင်ကျောင်းတွင် ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်၍
စစ်စခန်းအဖြစ်အသုံးပြုထားပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ဆွဲလွဲကျင်းကျေးရွာရှိ
ဘုန်းကြီးကျောင်းတွင် ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်၍
စစ်စခန်းအဖြစ်အသုံးပြုထားပုံ။





အကြမ်းဖက်သောင်းကျန်းသူများက ဆွဲလွဲကျင်းကျေးရွာအနီးတောင်ကုန်းတွင် ပစ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများတူး၍
စစ်စခန်းအဖြစ်အသုံးပြုထားပုံ။





အကြမ်းဖက်သောင်းကျန်းသူများက ရင်းကဲကျေးရွာအနီး
တောင်ကုန်းတွင် ပစ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများတူး၍
စစ်စခန်းအဖြစ်အသုံးပြုထားပုံ။

❐ စာမျက်နှာ ၁၂ မှ

ပွိုင့်-၁၂၇၆ တောင်ကုန်းအား လည်းကောင်း၊ အောက်တိုဘာလ ၂၀ ရက်တွင် ကျင်ဒွေးမြို့၏အရှေ့မြောက်ဘက် မီတာ ၁၂၀၀၀ ခန့် အကွာ ပွိုင့်-၁၇၃၂ အနီးရှိအကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းနေရာအား လည်းကောင်း အဆင့်ဆင့် ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး ယနေ့အောက်တိုဘာလ ၂၁ ရက်တွင် လှိုင်ဒုတ်ကျေးရွာအား ပြန်လည် သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါလမ်းကြောင်း ပေါ်ရှိကျေးရွာများနှင့် အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အခြေပြုနေရာများအား ပြန်လည် သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရွပ်ရွပ်ခွံ့ခွံ့ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများနှင့်တိုက်ပွဲကြီး/ငယ်ထိတွေ့မှု စုစုပေါင်း ၂၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူထံမှ အလောင်း ၁၁လောင်း၊ လက်နက်မျိုးစုံ ၁၂လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြု အရေး ပါသည့် လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေးဆက်သွယ်ရေးလမ်းကြောင်း အား အမြန်ဆုံးပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ် သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ် များကြောင့် ပျက်စီးခဲ့ရသည့်အခြေခံ အဆောက်အဦများ၊ လမ်း/တံတား များပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်း များကိုလည်း သက်ဆိုင်ရာ ဌာန အလိုက် တာဝန်ရှိသူများ၊ ဒေသခံ ပြည်သူများနှင့်ပူးပေါင်း၍ လိုအပ် သည်များ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းသတင်းရရှိသည်။ (၁၀၀)

“ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့ မျိုးဆက်သစ်တွေမွေးထုတ်စို့”ဆိုတဲ့အတိုင်းပဲ မျိုးဆက်သစ် လူငယ်အနုပညာရှင်များကို မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များနဲ့မွေးထုတ်ပေးတဲ့ပွဲလို့ ပြောလို့ရပါတယ် ဒေါ်နန်းခမ်းလူ(ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး)

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁၊ (MICC -1)တွင် အောက်တိုဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ တက်ရောက်လာသော တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြပေးလိုက်ရပါသည်-



ဦးနေမင်းထွန်း



ဦးတင်သန်းဝင်း



ဒေါ်နန်းခမ်းလူ



ဦးမိုးဒီ



တက္ကသိုလ်လွဲလွဲ



မောင်ဆန်းမင်းဦး



မဆုရတီမြတ်နိုး

ဦးနေမင်းထွန်း (ရန်ကုန်တိုင်းဒေသကြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

ကျွန်တော်ကရန်ကုန်တိုင်းဒေသကြီးရဲ့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်ဘို့မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက အခုဆိုရင် (၂၇)ကြိမ်မြောက် ရှိပြီဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ကျွန်တော်တို့ ဩဂုတ်လ ၁ ရက်နေ့ကစတင်ပြီးတော့ လေ့ကျင့်ယှဉ်ပြိုင်ကျင်းပပေးပါတယ်ခင်ဗျာ။ အခြေခံပညာပေါ့လေ။ အဲဒီအခြေခံပညာပြီးတော့ ကျွန်တော်တို့ အဆင့်မြင့်ပညာကျင်းပပါတယ်။ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကျင်းပတာပေါ့လေ။ အဲဒီပြိုင်ပွဲမှာ အဆင့်မြင့်ပထမရတဲ့ကလေးတွေကို ကျွန်တော်တို့က အမျိုးသားယဉ်ကျေးမှုနဲ့အနုပညာတက္ကသိုလ် ရန်ကုန်မှာ စခန်းသွင်းလေ့ကျင့်ပါတယ်။ အဆို၊ အက၊ အရေး အတီးပြိုင်ပွဲကြီးမှာ ကျွန်တော်တို့အဖွဲ့ လူဦးရေစုစုပေါင်းကတော့ ၅၅၀ ဦးပဲပါပါတယ်ခင်ဗျ။ ကျွန်တော်တို့အဖွဲ့က ဘာသာစုံယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ဦးတင်သန်းဝင်း စစ်ကိုင်းတိုင်းဒေသကြီး(ပြိုင်ပွဲဝင်များကို ကြီးကြပ်ကွပ်ကဲသူတာဝန်ခံ)

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်တွေကိုကြီးကြပ်ကွပ်ကဲ တာဝန်ယူရတဲ့သူဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ ဘာသာရပ်ပေါင်း ၉၁ ပွဲမှာ ဇာတ်တော်ကြီးများ၊ ရုပ်သေး၊ ရုပ်စုံ၊ ကွက်စိပ်၊ အတီး အဆို စသည်ဖြင့် အားလုံးပါဝင်ပါတယ်။ ယခင်နှစ်တွေထက် ယခုနှစ်ပွဲစဉ်တွေများပါတယ်။ ပြိုင်ပွဲဝင်ပေါင်း ၂၉၁ ဦးရှိပါတယ်။ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်တဲ့ပွဲ၊ အံ့သြဖွယ်ကောင်းလောက်အောင် အကောင်းဆုံးဖြစ်တယ်လို့ကျွန်တော်ပြောလိုပါတယ်။

ဒေါ်နန်းခမ်းလူ (ရှမ်းပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး)

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး အတီးပြိုင်ပွဲကျင်းပတဲ့ အဓိကရည်ရွယ်ချက်က တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု၊ အနုပညာနှင့်ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက် ရန်နှင့် တိုင်းရင်းသားများအချင်းချင်းချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာလာစေရန် တို့ဖြစ်ပါတယ်။ ကျွန်မတို့ဒေသ အလိုက်ကျင်းပပြီးစီးခဲ့သောပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့တဲ့ကလေးငယ်များကို ရွေးချယ်ပြီး ဗဟို အဆင့်ပြိုင်ပွဲများသို့ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်တယ်။ ရှမ်းပြည်နယ်တစ်ပြည်နယ်လုံးမှ ရွက်ပုန်းသီး မျိုးဆက်သစ်ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်တယ်။ “ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့ မျိုးဆက်သစ်တွေ မွေးထုတ်စို့” ဆိုတဲ့အတိုင်းပဲ မျိုးဆက်သစ် လူငယ်အနုပညာရှင်များကို မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနဲ့မွေးထုတ်ပေးတဲ့ပွဲလို့ ပြောလို့ရပါတယ်။ မြန်မာလူမျိုးတို့အတွက် အင်မတန်မှကို ကောင်းမွန်တဲ့ဆိုကရေးတီးပြိုင်ပွဲကြီးလို့ ကျွန်မပြောချင်ပါတယ်။

ဦးမိုးဒီ (ကွက်စိပ်)အကဲဖြတ်ပညာရှင်

ကျွန်တော်ကသဘင်သင်္ကန်းမိန်းနှစ် ဖဝလောက်ရှိပြီဖြစ်ပါတယ်။ အဲဒီအတွေ့အကြုံတွေနဲ့စပ်လျဉ်း၍ အသက်အရွယ်အရာသာင်အစည်းအရုံးမှာ ကျွန်တော်နာယကအဖြစ် ပါဝင်ထားပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူများလည်း အသီးသီးပါဝင်ကြောင်း သိရှိရပါတယ်။ အခုပြိုင်ပွဲကြီးမှာ ကျွန်တော်ကတော့ ကွက်စိပ်ဒိုင်အဖြစ် ပါဝင်ပြီး ဆောင်ရွက်ပေးရန်ဖိတ်စာနဲ့ ဖိတ်ကြားမှုရှိတဲ့အတွက်ဖြစ်ပါတယ်။ ကျွန်တော်က ကွက်စိပ်ဒိုင်အဖွဲ့ဝင်ဖြစ်ပြီး အဖွဲ့ဥက္ကဋ္ဌလည်းရှိပါတယ်။ ပြိုင်ပွဲမှာအဆို၊ အငို၊ အပြော၊ ဇာတ်လမ်းအသွားအလာတွေကို သေချာကြည့်ပြီးတော့ သင့်တော်တဲ့အမှတ်ကို ပေးမှာဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးဆိုတာ ကျယ်ဝန်းပါတယ်။ ဒါပေမဲ့ တချို့က ဒါကိုဝါသနာပါကြတယ်။ ဝါသနာပါတဲ့အခါမှာ ဒီပညာတွေကို မျိုးဆက်သစ်လူငယ်များက ရိုးရာယဉ်ကျေးမှုကို ပပျောက်မသွားရအောင် ထိန်းသိမ်းမြတ်နိုးတန်ဖိုးထားကြပါလို့ ပြောချင်တယ်။ ဒီလိုပြိုင်ပွဲကြီးတွေကို ကျင်းပပေးတာကောင်းပါတယ်။ ကျွန်တော်တို့ အနုပညာသမားတွေက မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ဝိုင်းဝန်းထိန်းသိမ်းမြတ်နိုးတဲ့အနေနဲ့ အုတ်တစ်ချပ်သဲတစ်ပွင့်တစ်တပ် တစ်အားအဖြစ် ပါဝင်ဆောင်ရွက်တာဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်များကိုအနုပညာအပေါ်မှာ ပိုမိုတန်ဖိုးထားတိုးတက်လာစေရန် အတွက်ရည်ရွယ်ပြီး အနုပညာရှင်ဟောင်းများအနေဖြင့် လည်း အသိပညာ၊ အတတ်ပညာများကို မျှဝေပေးပါတယ်။ မျိုးဆက်သစ်လူငယ်များလည်း ကြိုးစားထားတာကို တွေ့ရပါတယ်။ အဲဒီအတွက်လည်း ဝမ်းသာပါတယ်။

တက္ကသိုလ်လွဲလွဲ အကဲဖြတ်ပညာရှင်(အမျိုးဂုဏ်ဇာတိဂုဏ်)

ယခုနှစ်မှာတော့ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အတီး၊ အက၊ အရေး ပြိုင်ပွဲကြီးဖွင့်လှစ်တဲ့ အခမ်းအနားကို လူကြီးတွေကလည်း ဖိတ်ကြားတာကြောင့် အကဲဖြတ်ဒိုင်အနေနဲ့ပွဲကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပပေးတာကို အလွန်ကျေးဇူးတင်ရှိပြီး ဂုဏ်လည်းယူပါတယ်။ အကြောင်းကတော့ ကိုယ့်ရဲ့ ဘိုးဘွားမိဘတွေသင်ကြားခဲ့တဲ့ မြန်မာသံသီချင်းတွေ၊ မြန်မာသံတီးလုံးတွေ၊ မြန်မာဆိုင်းဝိုင်းကြီးတွေအစရှိတဲ့ မြန်မာနဲ့ပတ်သက်သမျှအနုပညာအားလုံးဟာ ဆို၊ က ရေး၊ တီးမှာ ရှိနေသေးလို့ဖြစ်ပါတယ်။ အန်တီတို့ မြန်မာ့အနုပညာတွေဟာ နှစ်ပေါင်းများစွာ တည်တံ့ဦးမယ် ဆိုတဲ့ စိတ်ဓာတ်လေးနဲ့ ဝမ်းသာမေတ္တာဂုဏ်ယူမိပါတယ်။ မျိုးဆက်သစ်တွေလည်း ပိုပြီးသိရှိသွားတာပေါ့။ မျိုးဆက်သစ်လူငယ်တွေကို အားပေးပါတယ်။ အခုက အိုဇီနဲ့အေအိုင်ခေတ်ဖြစ်လာပြီဆိုတာကို တွေ့ရပါတယ်။ အကုန်လုံး ကခဏလေးနဲ့ဂီတကိုလည်းပြောင်းသွားနိုင်တယ်။ ရုပ်ရှင်ကိုလည်း ပြောင်းသွားနိုင်တယ်။ ဇာတ်သဘင်ကိုလည်း ပြောင်းသွားနိုင်တယ်။ ပညာရပ်တွေအကုန်ဆန်းသစ်သွားနိုင်ပါတယ်။ အဲဒီအခါမှာ ကိုယ့်ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးဆိုတာ တည်တည်တံ့တံ့လေးနဲ့ရှိနေရမယ်။ ဒီဘာသာရပ်တွေ တကယ်တော့စစ်မှန်တဲ့ မြန်မာ့အနုပညာပဲဖြစ်ပါတယ်။ အမေလူထုဒေါ်အမာပြောသလိုပဲ “ကွယ်လွန်သွားတဲ့အမေရဲ့ပုလဲနားကပ်ကလေးတစ်ခုပါ။ တန်ဖိုးမကြီးပါဘူး။ သို့ပေမယ့် တစ်သက်လုံးမြင်နေရတယ်ဆိုတာ”အန်တီတို့ရဲ့အဆို၊ အက၊ အရေး၊ အတီး အနုပညာကိုညွှန်းပြီး ရေးထားတာဖြစ်ပါတယ်။ ဒီဘာသာရပ်ကိုလေ့လာရင်းနဲ့ သားလေးတွေ သမီးလေးတွေက ကိုယ့်မိသားစုတွေရဲ့ အမွေရသလိုပေါ့နော်။ ထမ်းဆောင်ကြတဲ့ပွဲကြီး၊ ဂုဏ်သိက္ခာကို ရရှိနိုင်တာဖြစ်ပါတယ်။ မျိုးဆက်သစ်ကလေးတွေ အမွေဆက်ခံကြပါ။ ကြိုးစားကြပါ။ အန်တီတို့ဒိုင် အဖွဲ့တွေ၊ သင်ကြားရေးတွေအနေနဲ့အားလုံးက ကိုယ့်အနုပညာကျန်ဖို့ အားသွန်ခွန်စိုက်ကြိုးစားခဲ့ကြတာဖြစ်ပါတယ်။ မြန်မာ့ရိုးရာဆိုကရေးတီးပြိုင်ပွဲကြီးမှာ မဟာဂီတဘာသာရပ်၊ ခေတ်ဟောင်း၊ ကာလပေါ်ဘာသာရပ်တွေလည်းရှိပါတယ်။ အန်တီတို့ အမျိုးဂုဏ်ဇာတိဂုဏ်ကို ထောက်ပံ့ပေးတဲ့တေးသီချင်းများဘာသာရပ် သုံးခုရှိတဲ့အထဲမှာ ကိုယ့်ရဲ့ တိုင်းပြည်နဲ့ပတ်သက်တဲ့ ဇာတိမာန်စိတ်တွေတိုးပွားအောင်ပြိုင်ကြတဲ့ တေးသီချင်းတွေ၊ ကလေးတွေ တတ်နိုင်တဲ့ သီချင်းတွေနဲ့ပြဋ္ဌာန်းပြီးဆုများကို ရွေးချယ်သွားမှာဖြစ်ပါတယ်။

မောင်ဆန်းမင်းဦး(ရှမ်းပြည်နယ်)ပြိုင်ပွဲဝင်

ကျွန်တော်က ရှမ်းပြည်နယ်ကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က ကချင်အကအလှနဲ့ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ အဖွဲ့ဝင်ပေါင်း ၂၀ ဦးပါတယ်ဗျ။ ကျွန်တော်တို့အဖွဲ့ တစ်လတိတိ လေ့ကျင့်ခဲ့ရတယ်ဗျ။ စိတ်ခံစားချက်က ဒါပထမဆုံး အကြိမ်ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် ကျွန်တော်အတွေ့အကြုံသစ်တွေ ရတယ်။ ပြီးတော့တစ်နိုင်ငံလုံးက သူငယ်ချင်းတွေနဲ့တွေ့ရလို့လည်း ဝမ်းသာပါတယ်ဗျ။ နိုင်ငံတော် အဆင့်အခမ်းအနားကိုတက်ရောက်ရတယ်တဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်ဗျ။ ကျွန်တော်တို့ လိုအနုပညာကို စိတ်ဝင်စားတဲ့ လူငယ်တွေအနေနဲ့မြန်မာ့ယဉ်ကျေးမှုအနုပညာတွေအတွက် လမ်းသစ်ဖွင့်ပေးတဲ့တံခါးကြီး၊ အခွင့်အရေးတစ်ခုလို့ မြင်မိပါတယ်ခင်ဗျ။

မဆုရတီမြတ်နိုး (ရန်ကုန်တိုင်းဒေသကြီးပြိုင်ပွဲဝင်)ကချင်ရိုးရာအက

ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ယှဉ်ပြိုင်မယ့်အကအမျိုးအစားက ကချင်ရိုးရာတိုင်းရင်းသား အကအလှနဲ့ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့မှာ အဖွဲ့ဝင်စုစုပေါင်း ၁၆ ယောက်ပါဝင်ပါတယ်။ အချိန်တစ်လနီးပါးကြာမြင့်အောင်လေ့ကျင့်ပြင်ဆင်ခဲ့ရပါတယ်။ ယခင်နှစ်ပြိုင်ပွဲမှာ ငွေတံဆိပ်ဆုရရှိခဲ့ပါတယ်။ အခုလိုမျိုးပြိုင်ပွဲမှာ ယှဉ်ပြိုင်ရတာသူငယ်ချင်းအသစ်တွေနဲ့ အသစ်အဆန်း ဗဟုသုတများစွာကိုလည်း ရရှိစေပါတယ်။ ကိုယ်မသိသေးတဲ့ ရိုးရာယဉ်ကျေးမှုတွေကိုလည်း ပိုမိုသိရှိရပါတယ်။ ပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိအောင်အများကြီးကြိုးစားသွားပါ့မယ်။

ဖိုးနိုင်၊ လွဲရည်လှိုင်

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ



















နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အဖွဲ့ဝင်များက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ကပြတီးမှုတ်ကြိုဆိုနှုတ်ဆက်ကြစဉ်။

❖ အနုပညာသည် လူသားများ၏စိတ်ခံစားမှု၊ အတွေးအမြင်၊ လူမှုဘဝနှင့်တန်ဖိုးထားမှုများကို ဖော်ပြပေးနိုင်သကဲ့သို့ မျိုးဆက်တစ်ဆက်မှတစ်ဆက်ကို သမိုင်းအမွေအနှစ်များအဖြစ် လက်ဆင့်ကမ်းပေးရာတွင် အရေးပါသည့်ကြားခံတစ်ရပ်လည်းဖြစ် . . .

❖ နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများအားလုံး၏ရင်ထဲတွင် "မျိုးချစ်စိတ်ဓာတ်နှင့်ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာများထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး" ဆိုသည့်မူဝါဒရည်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ် . . .

★ **ရှေ့ဖုံးမှအဆက်**

လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်ထူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဦးညီစော၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့က (၂၇) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က (၂၇) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များအား ကျောင်းသူလေးများက ပဏ္ဏဲခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ မျက်မှောက်ခေတ်တို့ကို ဖော်ညွှန်းပြသသည့် ဝတ်စားဆင်ယင်မှုအကအလှများဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အဖွဲ့ဝင်များက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားရိုးရာ အကအလှများဖြင့်လည်း ကောင်းကပြတီးမှုတ်ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍အခမ်းအနားဒုတိယပိုင်းကိုစတင်ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက (၂၇) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "အလှဝေဖြာ မြန်မာ့ရိုးရာ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အမျိုးသားရေးလက္ခဏာကို ဖော်ပြရာတွင် အဆိုပါနိုင်ငံ၏သမိုင်းကြောင်း၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် အနုပညာယဉ်ကျေးမှုတို့သည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ အနုပညာသည် လူသားများ၏ စိတ်ခံစားမှု၊ အတွေးအမြင်၊ လူမှုဘဝနှင့် တန်ဖိုးထားမှုများကို ဖော်ပြပေးနိုင်သကဲ့သို့ မျိုးဆက်တစ်ဆက်မှ တစ်ဆက်ကို သမိုင်းအမွေအနှစ်များ အဖြစ် လက်ဆင့်ကမ်းပေးရာတွင် အရေးပါသည့်ကြားခံတစ်ရပ်လည်း ဖြစ်ကြောင်း၊

မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ရှေးခေတ် လူမှုဘဝနှင့် ရိုးရာဓလေ့ထုံးတမ်းများသည် ပဏ္ဏဲခေတ်၊ ပုဂံခေတ်က စပြီး ကုန်းဘောင်ခေတ်တိုင်အောင် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အနုပညာအစဉ်အလာများကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ အနုပညာအမွေအနှစ်များသည် အတိတ်ကာလကို ပြန်လည်တူးဖော်ပေးသည့် အရာများဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့် တန်ဖိုးရှိသည့်အမွေအနှစ်များလည်း ဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာ့ရိုးရာအနုပညာများကို စနစ်တကျထိန်းသိမ်းမြှင့်တင်ရေး၊ အနုပညာရှင် များဖော် ထုတ် ရေးနှင့် မျိုးဆက်သစ်လူငယ်များထံ အနုပညာအမွေအနှစ်များ လက်ဆင့်ကမ်းပေးရေးတို့အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်အထိ ၂၂ ကြိမ်တိုင်တိုင် ကျင်းပနိုင် ခဲ့သော် လည်း ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာ



ဒုတိယသမ္မတ ဦးညီစော၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့က (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ မြန်မာ့ရိုးရာအနုပညာသည် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ဖော်ပြပေးနေသည့် တန်ဖိုးရှိသည့် အမွေအနှစ်တစ်ရပ်ဖြစ်၊ ယင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ယနေ့မျိုးဆက်၏တာဝန်ဖြစ်သကဲ့သို့ အနာဂတ်မျိုးဆက်များထံသို့ အရည်အသွေးပြည့်ဝစွာ လက်ဆင့်ကမ်းပေးခြင်းသည်လည်း မိမိတို့အားလုံး၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ရမည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ် . . .

ပြိုင်ပွဲမှတစ်ဆင့် ပေါ်ထွက်လာမည့် အရည်အချင်းရှိသူများကို ဆက်လက် လေ့ကျင့်သင်ကြားပေးခြင်း၊ သင့်လျော်သည့် အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့် အနုပညာရှင်ကြီးများ၏ အတွေ့အကြုံများကို လက်ဆင့်ကမ်းပေးခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

ကာလအတွင်း ပြိုင်ပွဲများရပ်နားခဲ့ရကြောင်း၊ ၂၀၂၂ ခုနှစ်ရောက်မှ (၂၃) ကြိမ်မြောက်ပြိုင်ပွဲကို ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ယခုအခါ ပြိုင်ပွဲများကို ဆက်လက်ကျင်းပလာခဲ့သည်မှာ ၂၀၂၆ ခုနှစ်တွင် (၂၇)ကြိမ်မြောက်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများအားလုံး၏ရင်ထဲတွင် **“မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့်အမျိုးသားရေးရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ဝိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး”** ဆိုသည့် မူဝါဒရည်မှန်းချက်များ ချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျင်းပသည့်ပြိုင်ပွဲများသည် ဆုရရှိရေးအတွက်သာမက မြန်မာ့ရိုးရာအနုပညာများ ရှင်သန်တည်တံ့ရေး၊ အရည်အချင်းရှိသည့် အနုပညာရှင်များပေါ်ထွန်းလာရေးနှင့် မျိုးဆက်သစ်လူငယ်များက မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့် အစဉ်အလာတစ်ရပ်ဖြစ်သည်ကို အလေးအနက်ပြောကြားလိုကြောင်း။

အဆို၊ အက၊ အရေး၊ အတီးအနုပညာကဏ္ဍလေးရပ်သည် သီးခြားစီအရေးပါသကဲ့သို့ အချင်းချင်းလည်း အပြန်အလှန် အထောက်အကူပြုချိတ်ဆက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများကို စနစ်တကျ ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် မြန်မာ့အနုပညာ၏ အနှစ်သာရနှင့်အရည်အသွေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီး အနုပညာပြိုင်ပွဲများကျင်းပပေးရခြင်း၏ အဓိကရည်ရွယ်ချက်သည် အနုပညာရှင်များအကြား အနိုင်အရှုံးဆုံးဖြတ်ပေးရန် မဟုတ်ကြောင်း၊ အနုပညာဘာသာရပ်များကို စနစ်တကျ လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများဖန်တီးပေးရန်၊ အရည်အချင်းရှိသူများကို ဖော်ထုတ်မြှင့်တင်ရန်၊ အနုပညာအတွေ့အကြုံများ ဖလှယ်နိုင်ရန်နှင့် အနုပညာအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်ပင်ဖြစ်ကြောင်း။

အထူးသဖြင့် မျိုးဆက်သစ်များသည် ရိုးရာအနုပညာကို သမိုင်းနောက်ခံ၊ အဓိပ္ပာယ်နှင့်အနှစ်သာရများကို နားလည်သဘောပေါက်ရန် လိုအပ်ကြောင်း၊ ထို့သို့ နားလည်သဘောပေါက်မှသာ မိမိတို့၏ ဖန်တီးမှုများတွင် ရိုးရာတန်ဖိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် အနုပညာလက်ရာများကိုလည်း **စာမျက်နှာ ၁၈ သို့** ★





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

★ **စာမျက်နှာ ၁၇ မှ**

ဖန်တီးတင်ဆက်နိုင်မည် ဖြစ်ကြောင်း။

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသောကြောင့် အနုပညာဖန်တီးမှု၊ မှတ်တမ်းတင်မှုနှင့်ဖြန့်ဝေမှုတို့အတွက်အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာကြောင်း၊ ယင်းအခွင့်အလမ်းများကို မှန်ကန်စွာအသုံးချနိုင်မည်ဆိုပါက မြန်မာ့အနုပညာကို လူငယ်များ ပိုမိုစိတ်ဝင်စားလာစေရန်နှင့် နိုင်ငံတကာပရိသတ်များအထိ မိတ်ဆက်ဖော်ပြနိုင်ရန် အထောက်အကူပြုနိုင် မည်ဖြစ်ကြောင်း၊ ပညာရပ်ဆိုင်ရာ အရည်အသွေးကို အစဉ်တစိုက်မြှင့်တင်ကြရန်နှင့် မြန်မာ့အနုပညာ၏ ထူးခြားသည့် အလှတရားများကို မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အနုပညာရှင်တစ်ဦးချင်းစီအနေဖြင့် မိမိတို့၏ အရည်အချင်းကို အကောင်းဆုံးဖော်ထုတ်တင်ဆက်ကြရန်၊ ကြိုးစားအားထုတ်မှုရှိကြရန်နှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန် တိုက်တွန်းလိုကြောင်း၊ ပြိုင်ပွဲဝင်အချင်းချင်း အပြန်အလှန် လေးစားကြရန်၊ အနိုင် အရှုံးကို ဂုဏ်သိက္ခာရှိစွာ လက်ခံကြရန်နှင့် အချင်းချင်း၏အားသာချက်များကို လေ့လာသင်ယူကြရန်လည်း တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြိုင်ပွဲသည် အနုပညာစွမ်းရည်ကို စမ်းသပ်သည့်နေရာတစ်ခုသာမက ပညာရပ်ဆိုင်ရာတိုးတက်မှုနှင့် အနုပညာအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးသည့်နေရာတစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း။

အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအနေဖြင့်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အကဲဖြတ်စံနှုန်းများအတိုင်း မျှတပွင့်လင်းစွာ အကဲဖြတ်ပေးကြရန်၊ ပြိုင်ပွဲဝင်များ၏ အရည်အချင်းနှင့်ဖန်တီးမှုများကို ပညာရပ်ဆိုင်ရာရှုထောင့်မှ သုံးသပ်ပေးကြရန်နှင့် လိုအပ်သည့်အကြံပြုလမ်းညွှန်မှုများပေးကြရန်လည်း မှာကြားလိုကြောင်း။

မြန်မာ့ရိုးရာအနုပညာသည် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ဖော်ပြပေးနေသည့် တန်ဖိုးရှိသည့် အမွေအနှစ်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ယနေ့ မျိုးဆက်၏ တာဝန်ဖြစ်သကဲ့သို့ အနာဂတ်မျိုးဆက်များထံသို့အရည်အသွေးပြည့်ဝစွာ လက်ဆင့်ကမ်းပေးခြင်းသည်လည်း မိမိတို့အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ရမည့်လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် အနုပညာရှင်များ၊ ဝါသနာရှင်များ လူငယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအနေဖြင့် မြန်မာ့ရိုးရာအနုပညာကို တန်ဖိုးထားထိန်းသိမ်းကြရန်၊ အနုပညာဘာသာရပ်များကိုစဉ်ဆက်မပြတ် လေ့လာသင်ယူကြရန်၊ မျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွန်းလာရေး ပူးပေါင်းဆောင်ရွက်ကြရန်နှင့် မြန်မာ့အနုပညာ၏ အရည်အသွေးကို အစဉ်တစိုက် မြှင့်တင်သွားကြရန် ထပ်လောင်း တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ကျင်းပသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင်နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးနိုင်ငံတော်ဘာညာဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်စုစုပေါင်း ၂၄၀၀ ကျော်ဖြင့် အောက်တိုဘာလ ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တွေ့ဆုံဆွေးနွေး

မင့်စ် အောက်တိုဘာ ၂၁

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မင့်စ်မြို့ရှိ အောင်ပွဲခံရင်ပြင် (Victory Square)သို့ ရောက်ရှိကြရာ မင့်စ်မြို့အုပ်အမှုဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ Mr.Oleg Korzun နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင် (The Victory Monument)၌ လွမ်းသူပန်းခွေချအလေးပြုပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မင့်စ်မြို့ရှိ အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင် (The Victory Monument) သည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီကျူးကျော်သူများကို တွန်းလှန်တိုက်ခိုက်ရင်းကျဆုံးခဲ့ရသည့် ဆိုဗီယက်တပ်မတော်သားများနှင့် ဘယ်လာရုစ်ပြောက်ကျားရဲဘော်များကို ရည်စူးပြီး ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော နိုင်ငံ၏သမိုင်းဝင်အထင်ကရနေရာတစ်ခုဖြစ်ကြောင်း၊ အမြင့် ၃၈ မီတာရှိသည့် ၎င်းကျောက်တိုင်ခြေရင်းတွင် ကျဆုံးသူများကို အောက်မေ့သတိရသောအားဖြင့် “ထာဝရငြိမ်းချမ်းရေးမီးတောက်” ကို အမြဲမပြတ် ထွန်းညှိထားရှိကြောင်း၊ နိုင်ငံတကာသံတမန်များနှင့် နိုင်ငံခြေါင်းဆောင်များလာရောက် ဂုဏ်ပြုအလေးပြုရာနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ အထက်လွှတ်တော်သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာကိုချန်နိုဗာနှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် အထက်လွှတ်တော်တတိယထပ်ရှိ မီးလင်းဖိုခန်းမဆောင်၌ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာကိုချန်နိုဗာနှင့်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီးပြီးခဲ့သည့်စက်တင်ဘာလ ၂၂ ရက်တွင် သံတမန်ဆက်ဆံရေး ၂၇ နှစ် ပြည့်မြောက်ခဲ့ကာ ယင်းကာလအတွင်း နှစ်နိုင်ငံအပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုများကို အခိုင်အမာ တည်ဆောက်ထားနိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ အမြော်အမြင်ရှိမှု၊ ချစ်ကြည်ရင်းနှီးမှုများနှင့် အပြန်အလှန်ခရီးစဉ်များက နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေပြီး ကောင်းကျိုးစီးပွားကို တိုးပွားအောင်ဆောင်ရွက်နိုင်ခဲ့မှု၊ ဘက်စုံကဏ္ဍစုံ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆ - ၂၀၂၈ ခုနှစ်)ကို ချမှတ်နိုင်ခဲ့ပြီး လွှတ်တော်များ၏ အခန်းကဏ္ဍ၊ လွှတ်တော်ကဏ္ဍ ချစ်ကြည်ရင်းနှီးရေးတွင် နှစ်နိုင်ငံဘက်စုံမဟာမိတ်ပူးပေါင်းဆောင်ရွက်မှုကို လွှတ်တော်ပိုင်းမှ ပံ့ပိုးကူညီပေးရေး၊ လွှတ်တော်ချင်းပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရေး၊ လွှတ်တော်ဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် အတွေ့အကြုံများမျှဝေရေး၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ရေး၊ နိုင်ငံတကာလွှတ်တော်ဆိုင်ရာအသိုက်အဝန်းတွင် နှစ်နိုင်ငံအကျိုးအတွက် ပိုမိုနီးကပ်စွာ ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အထက်လွှတ်တော်ဒုတိယထပ်ရှိသဘာပတိအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုစာချုပ်လွှာကို ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် အစည်းအဝေးခန်းမကြီးနှင့် ပြတိုက်ပြွဲတို့ကိုကြည့်ရှုလေ့လာပြီး ဂုဏ်ထူးဆောင်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌လက်မှတ်ရေးထိုးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မင့်စ်ထွန်စက် စက်ရုံနှင့်မော်တော်ကားစက်ရုံကိုလည်းကောင်း၊ First National Trade Houseစျေးဝယ်စင်တာကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မြဝတီ

(၂၁-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးစျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၃ ~ ၃၆၇၀	၅၅၈.၁ ~ ၅၅၈.၇	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆၀
စျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၀,၇၈၂,၃၃၄.၈၂	၅၃,၈၄၇,၈၁၄.၀၀	၁၁,၈၅၀,၆၅၉.၅၄	-

---

➢ **ကျောဖုံးမှအဆက်**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ “၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ” အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

ယနေ့တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၄၈၊ ၅၄၊ ၅၇၊ ၆၀၊ ၆၃.၅၂၊ ၆၇၊ ၇၅၊ ၈၀)ကီလိုတန်း ပြိုင်ပွဲများနှင့် အမျိုးသမီး(၄၈၊ ၅၀) ကီလိုတန်းပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို **“အခမဲ့”** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

ဆေးဖက်ဝင် ပူဒီနာရွက်၏ အံ့မခန်းအကျိုးကျေးဇူးများ

မြန်မာလူမျိုးတို့ ပူစီနံဟု အလွယ်ခေါ်နေသည့် ပူဒီနာသည် ကမ္ဘာတစ်ဝန်းတွင် ရေပန်းစားသော ဟင်းခတ်အမွှေးအကြိုင် တစ်မျိုးဖြစ်သည်။ ပူဒီနာရွက်၏ စူးရှသော ရနံ့၊ အေးမြသောအရသာနှင့် ဆေးဖက်ဝင်မှုကြောင့် ရှေးယခင်ကတည်းက အစားအသောက်နှင့် ဆေးဝါးများတွင် ထည့်သွင်းအသုံးပြုခဲ့ကြသည်။ ပူဒီနာကို အင်္ဂလိပ်လို Mint ဟုခေါ်ပြီး ရုက္ခဗေဒအမည်မှာ Mentha longifolia ဖြစ်သည်။ မျိုးရင်းမှာ ပင်စိမ်းနှင့် ပူဒီနာမျိုးရင်း Lamiaceae ဖြစ်ပြီး ပင်စည်လေးထောင့်ပုံသဏ္ဌာန်ရှိခြင်းက ယင်းမျိုးရင်း၏ ထင်ရှားသော လက္ခဏာဖြစ်သည်။

ပြည်တွင်း၌ အေးမြပြီး အစိုဓာတ်ရှိသော ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် မြောက်ပိုင်း)ဒေသများ၌ ပူဒီနာပင်အများဆုံးဖြစ်ထွန်းသည်။ ထို့ပြင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများ၌လည်း အိမ်ခြံဝင်းအတွင်း အိုးများဖြင့်စိုက်ပျိုးကြသည်။

စားသုံးမှုပုံစံ

ပူဒီနာသည် အာရုတိုက်၊ မြေထဲပင်လယ်ဒေသနှင့် အရှေ့အလယ်ပိုင်းဒေသတို့၌ ဟင်းလျာများတွင် အဓိကပါဝင်သည့် အမယ်တစ်မျိုးဖြစ်သည်။ ပြည်တွင်း၌ အသုပ်များပြုလုပ်ရာတွင် အနုံ့မွှေးစေရန် အသုံးများပြီး အဖျားရောဂါနှင့် ဝမ်းဗိုက်နာရောဂါများကို ကုသသောဆေးဝါးအဖြစ်အသုံးပြုသည်။

ပန်းနာ၊ ရင်ကျပ်သက်သာစေနိုင်

ပူဒီနာရွက်တွင် ရောင်ရမ်းမှုကို လျော့ချပေးနိုင်ပြီး ဓာတ်မတည့်ရောဂါများနှင့် ပန်းနာ၊ ရင်ကျပ်ရောဂါများကို သက်သာစေသည့် အစွမ်းထက် Rosmarinic Acid ပါဝင်သောကြောင့် ပူဒီနာရနံ့ကိုရှူရှိုက်ခြင်းဖြင့် ရာသီအကူးအပြောင်းတွင်ဖြစ်တတ်သည့် ပန်းနာ၊ ရင်ကျပ်ရောဂါကိုသက်သာစေနိုင်သည်။

ရောင်ရမ်းခြင်းကို သက်သာစေနိုင်



ခါးနာ၊ ဒူးနာ၊ ပုရွက်ဆိတ်၊ ခါချဉ်၊ ခြင်၊ ပျား စသည့်အင်းဆက်ပိုးမွှားများ ကိုက်သောကြောင့်ဖြစ်သော ရောင်ရမ်းနာကျင်မှုကို ပူဒီနာပင်မှထုတ်လုပ်ထားသည့် အဆီ (Peppermint Oil) လိမ်းပေးခြင်းဖြင့် သက်သာစေနိုင်သည်။

မျက်စိနှင့်ကိုယ်ခံအားစနစ် ကောင်းမွန်စေနိုင်

ပူဒီနာရွက်တွင် ဗီတာမင်-A ကြွယ်ဝစွာပါဝင်သောကြောင့် မျက်စိကျန်းမာရေးနှင့် ကိုယ်ခံအားစနစ်အတွက် အထူးကောင်းမွန်သည်။

သွေးအားနည်းရောဂါကို ကာကွယ်ပေးနိုင်

ပူဒီနာရွက်တွင် သံဓာတ်ပါဝင်သောကြောင့် သွေးနီဥဆဲလ်များဖြစ်ပေါ်စေရန်နှင့် သွေးအားနည်းရောဂါကိုကာကွယ်ရန် ကူညီပေးသည်။

ဆဲလ်များအသစ်ဖြစ်ပေါ်စေနိုင်

ပူဒီနာရွက်တွင် ဗီတာမင်-B9 (ဖောလိတ်ဓာတ်များ)ပါဝင်သောကြောင့် ဆဲလ်များအသစ်ဖြစ်ပေါ်မှုနှင့် ဆဲလ်ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေသည်။

နှလုံးရောဂါကိုကာကွယ်ပေးနိုင်

ပူဒီနာရွက်တွင် သဘာဝဇြပ်ပေါင်းများ (Flavonoids) ပါဝင်သောကြောင့် နှလုံးရောဂါနှင့် တချို့သောနာတာရှည်ရောဂါများမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။

အစာအိမ်နှင့်အူလမ်းကြောင်းကို ကောင်းမွန်စေနိုင်

ပူဒီနာရွက်သည် အစာကိုကြေစေနိုင်သည့်အပြင် ဝမ်းမှန်စေပြီး အစာအိမ်နာခြင်း၊ ဗိုက်အောင့်ခြင်း၊ လေပွခြင်း၊ လေအောင့်ခြင်း၊ ဝမ်းချုပ်ခြင်း စသောရောဂါများကို လျော့ပါးသက်သာစေနိုင်သည်။ ပူဒီနာရွက်တွင်ပါဝင်သည့် အဆီအနှစ်များသည် အစာအိမ်ကြွက်သားများကို ပြေလျော့စေပြီး အစာခြေရည်ထွက်ရှိမှုကို အားပေးသည်။

အသေးမိခြင်းကိုသက်သာစေနိုင်

ပူဒီနာရွက်တွင် ပူရှိန်းရှိန်းအာနိသင်ရှိသော မင်သော်ဓာတ်ပါဝင်သောကြောင့် ချွဲသလိပ်များကို ချေဖျက်ပေးနိုင်ပြီး သလိပ်ဟက်ထုတ်ရလွယ်စေကာ ချောင်းဆိုးသက်သာစေနိုင်သည့်အပြင် နာခေါင်းပိတ်ခြင်း၊ လည်ချောင်းနာခြင်း စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကိုလည်း သက်သာပျောက်ကင်းစေနိုင်သည်။

ခံတွင်းကျန်းမာရေးကောင်းစေနိုင်

ပူဒီနာရွက်သည် ဗက်တီးရီးယားပိုးသေစေနိုင်သည့်အာနိသင်ရှိသောကြောင့် ပူဒီနာရွက်ကိုဝါးစားခြင်းဖြင့် ခံတွင်းထဲရှိ ဗက်တီးရီးယားပိုးများကို သေစေနိုင်ပြီး ခံတွင်းရှင်းစေကာ ခံတွင်းအနံ့ဆိုးမထွက်စေရန်ကာကွယ်ပေးသည်။ သွားပိုးများကို ဖယ်ရှားပေးနိုင်ပြီး လျှာကျန်းမာစေရန်လည်း အထောက်အကူပြုသောကြောင့် ယခုနောက်ပိုင်းတွင် သွားတိုက်ဆေးများ၊ ပလုတ်ကျင်းဆေးရည်များ စသည့်သွားနှင့်ခံတွင်းသုံးပစ္စည်းများတွင် ပူဒီနာရွက်မှရသည့်အဆီကို ထည့်သွင်းဖော်စပ်လာကြသည်။

ဦးနှောက်နှင့်အာရုံကြောများကို ကောင်းမွန်စေနိုင်

ပူဒီနာရွက်တွင် မဂ္ဂနီစ်ပါဝင်သောကြောင့် ဦးနှောက်နှင့်အာရုံကြောစနစ်လုပ်ဆောင်ချက်များကို ပံ့ပိုးပေးသည့်အတွက် ပူဒီနာရွက်စားခြင်းဖြင့် ဦးနှောက်နှင့် အာရုံကြောကို အားကောင်းစေပြီး အသက်အရွယ်ကြီးခြင်းကြောင့် ဖြစ်တတ်သည့်သတိမေ့ခြင်းကို လျော့ပါးစေနိုင်သည်။

အရိုးနှင့်သွားများသန်မာစေနိုင်

ပူဒီနာရွက်တွင် ကယ်လ်စီယမ်နှင့် မဂ္ဂနီဆီယမ်ပါဝင်သောကြောင့် အရိုးနှင့် သွားများကြံ့ခိုင်စေရန် အထောက်အကူပြုသည်။

အသားအရေကိုစိုပြည်စေနိုင်

ပူဒီနာရွက်တွင် ဗီတာမင်- C ပါဝင်သောကြောင့် အသားအရေကျန်းမာရေးနှင့် ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးနိုင်သည်။ ပူဒီနာရွက်ကို မကြာခဏစားပေးပါက အသားအရေကို စိုပြည်စေကာ ဝက်ခြံ၊ အမဲစက်၊ ဆားဝက်ခြံထွက်ခြင်းကို လျော့နည်းစေနိုင်ပြီး အသားအရေကိုထိန်းသိမ်းပေးသည်။ ပူဒီနာရွက်ကိုထောင်း၍ မျက်နှာပေါင်းတင်ပေးခြင်းသည် ဝက်ခြံများကိုသက်သာစေပြီး အသားအရေကို အေးမြကြည်လင်စေနိုင်သည့်အပြင် ပူဒီနာရွက်တွင် ရောင်ရမ်းမှုကိုလျော့ချပေးနိုင်သည့်အာနိသင်ရှိသောကြောင့် အသားအရေယားယံခြင်းအတွက် ကောင်းမွန်သည်။ အင်းဆက်ပိုးမွှားများကိုက်ခြင်းအတွက် ပူဒီနာရွက်သတ္တုရည်ကို လိမ်းပေးခြင်းဖြင့် သက်သာစေနိုင်သည်။

စိတ်ဖိစီးမှုလျော့နည်းစေနိုင်

ပူဒီနာရွက်၏ရနံ့သည် ဦးနှောက်ကို လန်းဆန်းစေပြီး ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် စိတ်ပင်ပန်းခြင်းကိုပြေလျော့စေရန် အထောက်အကူပေးသည်။ စိတ်ဓာတ်ကျခြင်းနှင့် စိတ်ဖိစီးမှုများခြင်းတို့အတွက် ပူဒီနာရွက်ရေနွေးကြမ်းနှင့် ပူဒီနာရွက်ဖျော်ရည်သောက်ပေးခြင်းဖြင့် ဝေဒနာများကိုသက်သာစေနိုင်ပြီး စိတ်ကိုလန်းဆန်းတက်ကြွစေနိုင်သည်။

ကင်ဆာဆဲလ်များသေစေနိုင်

ပူဒီနာရွက်တွင် တခြားသောအမွှေးအကြိုင်ပင်များနည်းတူ Antioxidant ပမာဏ မြင့်မားစွာပါဝင်သည့်အတွက် ခန္ဓာကိုယ်တွင်း ဆဲလ်များပျက်စီးခြင်းကို ကာကွယ်ပေးသည်။ ပူဒီနာရွက်တွင်ပါဝင်သောဓာတ်တစ်မျိုးက ကင်ဆာဖြစ်စေနိုင်သည့်ဆဲလ်များဖြစ်တည်မှုနှင့် ကင်ဆာဆဲလ်များသေစေနိုင်မှုကို ကူညီတိုက်ဖျက်ပေးသည်။

သတိပြုရန်အချက်များ

Gastroesophageal Reflux Disease – GERD ဖြစ်ပွားနေသူများ၊ ရင်ပူတတ်သူများ သို့မဟုတ် အစာအိမ်အက်စစ်ပြန်တက်သည့်ရောဂါ (Acid Reflux)ရှိသူများ ပူဒီနာရွက်ကို အလွန်အကျွံစားသုံးပါက ရင်ပူခြင်းပိုမိုဆိုးရွားစေနိုင်သည်။ မွေးကင်းစကလေးငယ်များနှင့် အသက်နှစ်နှစ်အောက်ကလေးများ၏ မျက်နှာသို့မဟုတ် နှာခေါင်းအနီးတွင် ပူဒီနာဆီ (Peppermint Oil / Menthol) တိုက်ရိုက်လိမ်းခြင်းဖြင့် အသက်ရှူလမ်းကြောင်းပိတ်ဆို့ခြင်း သို့မဟုတ် ကြွက်သားဆွဲခြင်းဖြစ်စေနိုင်သောကြောင့် ကလေးငယ်များအတွက် ပူဒီနာဆီကို တိုက်ရိုက်သုံးစွဲခြင်း မပြုလုပ်သင့်ကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရသော် အစာမကြေခြင်း၊ လေဆန်ခြင်းဖြစ်ပါက ပူဒီနာရွက်ကို ရေနွေးကြမ်းတွင်ခတ်၍ သောက်သုံးပေးနိုင်ပြီး စိတ်လန်းဆန်းစေရန်၊ စိတ်ဖိစီးမှုသက်သာစေရန် သို့မဟုတ် ခေါင်းကိုက်သက်သာစေရန် ပူဒီနာရွက်ရနံ့ သို့မဟုတ် ပူဒီနာဆီကိုအသုံးပြုနိုင်သည်။ စိုက်ပျိုးရလွယ်ကူပြီး အိမ်တွင်တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသင့်သည့် ပူဒီနာပင်သည် အစားအသောက်အတွက်သာမက ကျန်းမာရေးအတွက်ပါ များစွာအကျိုးပြုသည့် သဘာဝလက်ဆောင်တစ်ခုဖြစ်သောကြောင့် အစာလည်းဆေးလည်းအစာဆိုသကဲ့သို့ သတိပြုစရာအချက်များကို သိရှိလိုက်နာပြီး နေ့စဉ်အစားအသောက်များတွင် ထည့်သွင်းအသုံးပြုသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားရေး အသိပညာပေးဟောပြော

စဉ့်ကိုင် အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီးကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၀ ရက်က ရွာဟောင်းကုန်းကျေးရွာ ရွာလယ်ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ဥပဒေပုဒ်မများ စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသီဟ ကျော်က အယ်လ်နီညိုအန္တရာယ်၏သမိုင်းကြောင်းများ၊ ကာကွယ်ရန်နည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များ စသည့်အကြောင်းအရာများကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများအား မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့ ဆောင်ပုဒ်ပါ အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမား ပပျောက်ရေးနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

လက်ရှိဥရောပချန်ပီယံ ပီအက်စ်ဂျီအသင်း ဘာစီလိုနာအသင်းကိုအနိုင်ရ



ရန်ကုန် အောက်တိုဘာ ၂၁

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) ဖြစ်သော ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်း ပြင်သစ်နိုင်ငံ ပဲရစ်မြို့ Parcdes Princes ကွင်း၌ အောက်တိုဘာလ ၂၁ ရက် နံနက် ၁ နာရီ ခွဲတွင် ယှဉ်ပြိုင်ကစားကြရာ လက်ရှိဥရောပချန်ပီယံ ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲကစားချိန် ၃၈ မိနစ်တွင် ပီအက်စ်ဂျီအသင်းအတွက် ဒီဆိုင်းဒူရေးက ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့် ပြုပေးလိုက် ရပြီးနောက် ဘာစီလိုနာအသင်း တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ပီအက်စ်ဂျီအသင်းခံစစ်ကိုကျော်ဖြတ်နိုင်ခြင်း မရှိခြင်းကြောင့် ပထမပိုင်းပွဲပြီးဆုံးချိန်တွင် ပီအက်စ်ဂျီအသင်းက ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဘာစီလိုနာအသင်း တိုက်စစ်မြှင့်ကစားခဲ့ပြီး ပွဲကစားချိန် ၅၅ မိနစ်တွင် ဇာဗီအက်စ်ပတ်က ဘာစီလိုနာအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သည်။

ထို့နောက် ပွဲကစားချိန် ၇၂ မိနစ်တွင်ပီအက်စ်ဂျီအသင်းအတွက် ဟာနန်ဒက်က ဒုတိယမြောက်ဂိုးသွင်းယူပေးခဲ့သော်လည်း ပွဲကစားချိန် ၇၉ မိနစ်တွင် ဘာစီလိုနာအသင်းအတွက်လာမင်ယာမယ်က ချေပဂိုးသွင်းယူပေးခဲ့သည်။

သို့သော် ပွဲကစားချိန် ၈၁ မိနစ်နှင့် ၈၆ မိနစ်တို့တွင် ပီအက်စ်ဂျီအသင်းအတွက် ဗီတင်ဟာနှင့် ဖေဘီယန်ရုဇ်တို့က အနိုင်ဂိုးများထပ်မံသွင်းယူပေးခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် လက်ရှိဥရောပချန်ပီယံ ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို ၄ ဂိုး ၂ ဂိုး ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) အဖြစ် နိဝင်ဘာလ ၄ ရက်တွင် ဗီလာရီးယဲလ် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

ZMO

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဇွဲကပင်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျ



ရန်ကုန် အောက်တိုဘာ ၂၁

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)နောက်ဆုံးနေ့ ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ပဒုမ္မာအားကစားကွင်း၌ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အဆင့်(၈)နေရာမှ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် အဆင့်(၉) နေရာမှ Young Lionesses အသင်းတို့ဆုံတွေ့ကြပြီး အမှတ်ပေးဇယားအထက်အောက်ရပ်တည်နေသည့် အသင်းနှစ်သင်းလည်း ဖြစ်သည်။ ပြီးခဲ့သည့်ပွဲစဉ်တွင် နှစ်သင်းလုံး ရှုံးနိမ့်ထား၍ နိုင်ပွဲရှာသည့်ပွဲကောင်း တစ်ပွဲလည်းဖြစ်သည်။

ပထမပိုင်းပွဲစသည်နှင့် နှစ်ဖက် အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြသည်။ ဇွဲကပင်အသင်းမှ အိုဖိုရီ၊ ဂလိုရီရာတို့ဂိုးရရှိနိုင်မည့် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့ပေမယ့် အဆုံးသတ်အားနည်းမှုများကြောင့် အဖွင့်ဂိုးနဲ့ဝေးခဲ့ရသည်။ Young Lionesses အသင်းသည်လည်း ဆောင်းသဇင်ဦး၊ စပယ်ဝင်း၊ နေမျိုးသူသူအောင်တို့ အခွင့်အရေးကောင်းများရရှိခဲ့ကြသော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ကြ၍ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေဖြင့် ပွဲပြီးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်း တိုက်စစ်မြှင့်ကစားခဲ့ကြရာ ပွဲကစားချိန် ၇၅ မိနစ်အရောက်တွင် ပြိုင်ဘက်ဂိုးဧရိယာအတွင်း အနီးကပ်အပေးအယူကနေ အိုဖိုရီက ဇွဲကပင်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီသရေကျကာ ပွဲပြီးဆုံးခဲ့သည်။

ဝန်းရံခ

M League 2026 U - 20 လူငယ်လိဂ်ပြိုင်ပွဲတွင် ISPE အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့နိုင်ပွဲရရှိ



ရန်ကုန် အောက်တိုဘာ ၂၁

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀) ဒုတိယနေ့ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်အားကစားကွင်းများ၌ကျင်းပရာ ISPE အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြသည်။

ဗဟန်းကွင်းတွင်ယှဉ်ပြိုင်ကစားသည့်အဆင့်(၁၄)နေရာမှ ချင်းလန်းအသင်းနှင့်အမှတ်ပေးဇယားထိပ်ဆုံးတွင်ရပ်တည်နေသည့် ISPE အသင်းတို့ပွဲတွင် ပထမပိုင်း၌ ISPE အသင်းက ငါးဂိုးပြတ်သွင်းယူထားသည်။ ဂိုးများကို စစ်ငြိမ်းချမ်းဦးက တစ်ဦးတည်းသုံးဂိုး၊ အောင်မြင့်မြတ်(၁)က တစ်ဂိုးနှင့် မင်းကိုခန့်က တစ်ဂိုး သွင်းယူခဲ့ကြခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း ISPE အသင်းကပွဲကို ဦးဆောင်ကစားခဲ့ပြီး ချစ်ဝိုင်းခန့်က တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ၆ ဂိုး ဂိုးမရှိဖြင့် ISPE အသင်းက အနိုင်ရရှိခဲ့သည်။

YUSC ကွင်း၌ယှဉ်ပြိုင်ကစားသည့် အဆင့်(၂)နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အဆင့်(၆) နေရာမှ ရန်ကုန်စီးတီးအသင်းတို့ ပွဲတွင် ပထမပိုင်း၌ လမင်းပြည့်စုံ၊ ကျော်ညီညီတို့၏ ဦးဆောင်သွင်းဂိုးများဖြင့် ရန်ကုန်ယူနိုက်တက် အသင်းက ရန်ကုန်စီးတီးအသင်းကို ဦးဆောင်ထားသည်။ ဒုတိယပိုင်းတွင် အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြပြီး ထက်အာကာဝင်းနှင့် ထူးအံ့ဝင်းတို့က ရန်ကုန်စီးတီးအသင်းအတွက်ချေပဂိုးများပြန်လည်သွင်းယူနိုင်ခဲ့၍ တစ်ဖက်နှစ်ဂိုးစီဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ လက်ကျန်ပွဲကစားချိန်အား ဆက်လက်ယှဉ်ပြိုင်ရင်း အဆုံးအဖြတ်ဖြစ်သည့် အနိုင်ဂိုးကို ပွဲပြီးဆုံးခါနီးတွင် ကောင်းမြတ်အောင်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ၃ ဂိုး ၂ ဂိုးဖြင့် ရန်ကုန်ယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားသည့်အဆင့်(၁၃)နေရာမှ မြဝတီအသင်းနှင့် အဆင့်(၄)နေရာမှ ရှမ်းယူနိုက်တက်အသင်းတို့ပွဲတွင် ပထမပိုင်း၌ ရှမ်းယူနိုက်တက်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် မြဝတီအသင်းကိုအနိုင်ကစားခဲ့ပြီး ဒုတိယပိုင်းတွင် တစ်ဖက်တစ်ဂိုးစီထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဝန်းရံခ

■ ရှမ်းယူနိုက်တက်မှ

ရှမ်းယူနိုက်တက်အသင်းသည် ပထမနေ့ပြိုင်ပွဲတွင် သရေတစ်မှတ်သာရရှိခဲ့၍ နောက်တစ်ဆင့် အုပ်စုတက်ရေး ယနေ့ပွဲတွင် ဂိုးများများသွင်းပြီးအနိုင်ရရှိရန် အထူးလိုအပ်နေသည်။ ပထမနေ့ပြိုင်ပွဲ နယူးတိုင်ပေစီးတီးအသင်းနှင့်ယှဉ်ပြိုင်သည့် ပွဲထွက်လူစာရင်းကို နှစ်ယောက် အပြောင်းအလဲပြုလုပ်ပြီး ပြည်ပကစားသမားငါးဦး ထည့်သွင်းယှဉ်ပြိုင်ကစားခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် ရှမ်းယူနိုက်တက်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ကာဆူကာအသင်းကိုဖိအားပေးကစားခဲ့သည်။ စတီဖန်အိုဆူအဝေးကန်ချက်နှင့် မက်ခ်ဆာကီရဲ့နောက်ပြန်ကန်ချက်တွေဟာ အလွန်လှပကောင်းမွန်သော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်၍ ဦးဆောင်ဂိုးနှစ်နာခဲ့ရသည်။ ကာဆူကာအသင်းသည် ပထမပွဲတွင် ငါးဂိုးပြတ်အသွင်းခံထားရ၍ ယနေ့ပွဲတွင် ခံစစ်ကိုကျစ်လျစ်စွာဖြင့် အကောင်းဆုံးစုဖွဲ့ယှဉ်ပြိုင်လာသည်။ ရဲရင့်အောင်၊ ကျော်မင်းဦး မက်ခ်ဆာကီ၊ အက်ဆန်ဂျူနီယာတို့ ဘယ်ညာတောင်ပံနှစ်ဖက်မှ တိကျသော အဝေးဘောအပေးအယူဖြင့် ပြိုင်ဘက် ခံစစ်စည်းအတွင်း ဝင်ရောက်ထိုးဖောက်ခဲ့သော်လည်း နောက်တန်းခံစစ်နှင့်ဂိုးသမားတို့၏ ဟန့်တားကာကွယ်နိုင်မှုကြောင့် ဦးဆောင်ဂိုးနှင့်ဝေးခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းနိုင်ပွဲတစ်ပွဲရရှိဖို့ တစ်သင်းလုံး အတက်အဆင်းညီညီဖြင့် ကာဆူကာအသင်းကို တရစပ်ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၃၄ မိနစ်အရောက်တွင် ခံစစ်ကစား သမားရိဒရီဂူးက တိုက်စစ်ကိုလိုက်ပါပြီး ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သလို ပွဲကစားချိန် ၄၅ မိနစ်တွင် ကျော်မင်းဦးရဲ့တိကျသောပေးပို့မှုကနေ အက်ဆန်ဂျူနီယာက ခံစစ်နှင့်ဂိုးသမားကိုကျော်ဖြတ်ကာ ဒုတိယဂိုးသွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်း ကစားသမားများ အပြောင်းအလဲပြုလုပ်ပြီး တိုက်စစ်အားမြှင့်ကစားလာ၍ သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်ရှိခဲ့သည်။ ဂိုးရရှိနိုင်သည့်အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့ကြသော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိ၍ ပထမပိုင်းရလဒ် ၂ ဂိုး ဂိုးမရှိဖြင့်ပင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲကစားအပြီးတွင် တစ်ပွဲသရေ၊ တစ်ပွဲနိုင် လေးမှတ်ရရှိထားပြီး အုပ်စု(E)နောက်ဆုံးနေ့ပြိုင်ပွဲ အဖြစ် အောက်တိုဘာလ ၂၄ ရက်တွင် ဖိလစ်ပိုင်ကလပ် မနီလာဒစ်ဂါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဝန်းရံခ

▼ ကျောဖုံးမှအဆက်

အားကစားသမား မလော်လာဝင်းက အမျိုးသမီး မီတာ(၁၀၀)အပြေးပြိုင်ပွဲတွင် စံချိန်(၁၄.၆၇) စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် တတိယကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၂ ရက် နေ့ (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရေကူးအားကစားနည်းမှ အားကစားသမား ညီညီလင်းထက်က အမျိုးသားမီတာ (၁၅၀) တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲအားလည်းကောင်း၊ ပြေးခုန်စ်အားကစားနည်းမှ အားကစားသမား ဒုတိယတပ်ကြပ်စံတင်က မီတာ ၄၀၀ အပြေးပြိုင်ပွဲအားလည်းကောင်း၊ အားကစားသမား ဇော်မင်းထွန်းက အမြင့်ခုန်ပြိုင်ပွဲတို့ကိုလည်းကောင်း အသီးသီးဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်နှင့် တိုက်ကွမ်ဒိုအားကစားနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ အောက်တိုဘာလ ၂၁ ရက်အထိ မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့်မြန်မာနိုင်ငံအတွက်ရေကူးအားကစားနည်းမှ ကြေးတံဆိပ် ၂ ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ကြေးတံဆိပ် ၁ ခု စုစုပေါင်းကြေးတံဆိပ် ၃ ခုတို့ကို ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သိရသည်။ ဝန်းရံခ

MYAWADY IN ENGLISH DAILY EDITION

President of the Republic of the Union of Myanmar U Min Aung Hlaing formally opens 27th Myanmar Traditional Cultural Performing Arts Competition, delivers keynote address



President U Min Aung Hlaing and wife Daw Kyu Kyu Hla watch an entertainment program staged by artistess from the Fine Arts Department.

NAY PYI TAW October 21

The opening ceremony of the 27th Myanmar Traditional Cultural Performing Arts Competition took place at Myanmar International Convention Center (1) in Nay Pyi Taw this morning. President of the Republic of the Union of Myanmar U Min Aung Hlaing formally opened the ceremony and delivered the keynote address.

Present on the occasion were President U Min Aung Hlaing and wife Daw Kyu Kyu Hla, Vice President U Nyo Saw and wife Daw San San Aye, Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi and wife, Union Chief Justice U Tha Htay, Commander-in-Chief of Defence Services General Ye Win Oo and wife, union level dignitaries, union ministers and wives,senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, deputy ministers, members of the steering committee and subcommittees to hold the competition, region/state ministers, judges, supervisors, coaches, supporters, national brethren contestants from regions and states, and officials.

Vice President U Nyo Saw, Patron of the steering committee Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Commander-in-Chief of Defence Services General Ye Win Oo, and Chairman of the steering committee Union Minister for Culture, Hotel and Tourism U Khin Maung Soe formally opened the ceremony by cutting a ribbon.



President U Min Aung Hlaing addresses the opening ceremony of the 27th Myanmar Traditional Cultural Performing Arts Competition.



President U Min Aung Hlaing greets judges of the 27th Myanmar Traditional Cultural Performing Arts Competition.

President of the Republic of the Union of Myanmar U Min Aung Hlaing unveiled the signboard of the opening ceremony by pressing the automatic button.

Schoolgirls welcomed the President, his wife, and party with dances and music featuring traditional costumes and dances representing the Pyu, Bagan, Inwa, Konbaung, Yadanabon, and modern eras, and contestants from regions and states, with dances of ethnic peoples Kachin, Kayah, Kayin, Chin, Bamar, Mon, Rakhine, and Shan.

At the second part of the ceremony, artistess from the Fine Arts Department, the Ministry of Culture, Hotel and Tourism staged a song “the beauty of Myanmar culture” in honour of the competition.

In his keynote address, the President said the history, literature, language, customs, culture and art of a country play an important role in portraying its dignity and national characteristics. Art represents the emotion, thoughts, social lives and values of human. It also serves as a vital medium in relaying historical heritage from one generation to another.

A study of the history of the Myanmar Traditional Cultural Performing Arts Competition shows the evolution of culture,

SEE PAGE - 22

FROM PAGE - 21

reflecting ancient lifestyles and traditional customs throughout the Pyu, Bagan, and Konbaung eras. Apart from digging the past, the cultural legacy provides today's new generation with many areas to explore and study and the future generations with valuable heritage.

The competition began in 1993, and since the time it has been playing a crucial role in systematically preserving and promoting Myanmar traditional culture, bringing about artists, and relaying knowledge to new generation. The competition was suspended for a five-year period from 2017 to 2021 after the 22nd competition in 2016. The 23rd competition could only be held again in 2022. Since then, the competition has continued, reaching the 27th edition in 2026.

The State is organizing the Myanmar Traditional Cultural Performing Arts Competition under **specific policy objectives aimed at instilling key values in all citizens. These goals include raising patriotic spirit and national pride, preserving Myanmar's traditional cultural heritage and national identity, and fostering the continued flourishing and propagation of authentic Myanmar music, dance, and traditional arts. Additionally, the policy focuses on promotes the mental development of youth while preventing the dominance of foreign cultures.** The competition is not held just to win awards, but serve as an important tradition for ensuring the survival of Myanmar's traditional arts, bringing forth talented artists, and inspiring the younger generation to value and preserve their own cultural heritage.



President U Min Aung Hlaing and wife Daw Kyu Kyu Hla being welcomed by dance troupes.

The four branches of Myanmar's traditional performing arts—singing, dancing, composition and music—are each important in their own right while also being interconnected and mutually supportive. Systematically preserving and promoting these branches will further develop and enhance the essence and quality of Myanmar's arts.

The main purpose of holding national-level competitions in singing, dancing, composition and music is not to determine winners and losers among artistes. Rather, the competitions aim to create opportunities for systematic learning and study of the arts, identify and nurture talented individuals, facilitate the exchange of artistic experiences, and raise the overall standard of the arts.

It will also be necessary to continue providing further training and instruction to talented individuals emerging from the competitions, creating appropriate opportunities for them, and passing on the experience and knowledge of senior artists to the next generation.

In particular, younger generations need to understand the historical background, meaning and essence of traditional arts. Only with such an understanding will they be able to preserve traditional values in their own creative works while also creating and presenting artistic works that are in keeping with the times.

In the present era, technological advancements have broadened opportunities for artistic creation, documentation and dissemination. If these opportunities are utilized appropriately, they can help foster greater interest in Myanmar's arts among young people and introduce them to international audiences. It is therefore strongly urged that efforts be made to continuously enhance artistic skills and standards and pass on the distinctive beauty of Myanmar's arts to future generations.

Each artist participating in today's competition is urged to demonstrate their abilities to the fullest, make every effort and continue learning and improving their skills. They are also encouraged to respect one another, accept victory and defeat with dignity, and learn from one another's strengths. By doing so, the competition will become not only a venue for testing artistic abilities but also a platform for promoting professional development and unity within the artistic community.

Members of the judging panel are also instructed to conduct their assessments fairly and transparently in accordance with the prescribed rules and evaluation criteria, assess the abilities and creative works of the contestants from an artistic and professional perspective, and provide necessary advice and guidance.

Myanmar's traditional arts are a valuable cultural heritage that reflects the nation's identity. Preserving and safeguarding this heritage is the responsibility of the present generation, while passing it on to future generations in its full quality is also a duty that must be fulfilled through the collective efforts of all concerned.

Therefore, artists, art enthusiasts, young people and all relevant organizations are once again urged to value, preserve and safeguard Myanmar's traditional arts, continuously study and learn various artistic disciplines, work together to nurture a new generation of artists, and make sustained efforts to enhance the quality of Myanmar's arts.

It is believed and hoped that the 27th Traditional Myanmar Cultural Performing Arts Competition, being held today, will produce outstanding and talented artists and further contribute to the preservation and promotion of Myanmar's traditional artistic heritage. Best wishes are extended to all contestants for showcasing their artistic abilities to the fullest and achieving success in the competition. It is also wished that everyone enjoy good physical and mental health and achieve success in efforts to promote the development of Myanmar's traditional arts and national culture.

The Chairman of the Leading Committee, Union Minister for Culture, Hotels and Tourism reported to the President on preparations to hold the competition.

After the ceremony, the President, his wife and party cordially greeted maestros who will serve as members of the panel of judges.

The 27th Traditional Myanmar Cultural Performing Arts Competition will be held with participation of more than 2,400 contestants till 29 October under the objectives: To enhance national prestige, integrity, and preserve the traditional cultural heritage of ethnic people; To preserve national characteristics and promote the national spirit, cherishing traditional culture among the younger generation; To explore, preserve and promote the sustainable development of traditional Myanmar arts able development of traditional Myanmar arts; and To function as a cultural and artistic institution that contribute to nation-building.

Myawady

Nyaungdon Township ships tilapia fish to Yangon market

NYAUNGDON October 21

A larger volume of tilapia was exported from Nyaungdon Township, Ayeyawady Region, to the Yangon market according to Daw Khin Khin, an entrepreneur running a fishery products trading depot in Nyaungdon Township.

Up to 52,000 viss of tilapia were exported and sold from Nyaungdon Township to the Yangon market. The price of tilapia was as high as Ks-18,500 per viss.

"Tilapia from Nyaungdon Township is being exported and sold to the Yangon market. A larger volume was exported and sold last month than previously, creating better employment opportunities and improving livelihoods for people involved in the fisheries sector and related businesses. We are systematically processing and transporting locally produced fishery products to prevent spoilage," said Daw Khin Khin.

SMK

Tatmadaw columns assault terrorists based around Laungshay-Hlaingdok-Kyindwe route, occupy Hlaingdok Village and continuously take area security measures to reopen the route

NAY PYI TAW October 21

Tatmadaw columns have been carrying out area security operations to drive out and eliminate the combined forces of the AA and CDF terrorist groups, which have been engaging in terror activities around the Laungshay-Hlaingdok-Kyindwe route, with the aim of reopening the route. Today, Hlaingdok Village along the route was retaken and brought under control.

The combined forces of the AA and CDF terrorist groups began launching attacks with superior strengths in December 2023 against security troops responsible for maintaining security in Kyindwe Town, which lies along the communication route connecting Chin State and Rakhine State. After temporarily gaining control of the town, these terrorists unlawfully committed acts of sabotage and destruction. As a result, local residents, including children and elderly people, were forced to abandon their homes, buildings and property and flee to safer areas.

While temporarily occupying Kyindwe Town, the terrorists established temporary defensive positions inside religious buildings, hospitals, clinics, schools and departmental buildings in the town, and carried out explosions and acts of destruction. They broke into the homes and shops of local residents who had been temporarily displaced and forcibly took away valuables, food supplies and household items. In addition, they entered and occupied villages along the Hlaingdok-Laungshay communication route via Kyindwe and carried out acts of sabotage, destroyed roads and bridges through explosions, built fortified defensive positions, planted landmines along the route, collected extortion money from vehicles travelling along it, and arrested, tortured and killed innocent travellers. Due to restrictions on the passage of cargo transport vehicles, the flow of goods within the region came to a halt, resulting in exorbitant increases in commodity prices. Local ethnic residents have been suffering severe hardship in meeting their basic needs, while regional development and socio-economic conditions have deteriorated significantly in all aspects.

Therefore, to restore stability and peace in the area and enable local residents to live and work in safety and security, Tatmadaw columns made the necessary preparations and regrouped their forces in Laungshay before splitting into separate columns to conduct coordinated area security operations aimed at regaining control of the Laungshay-Hlaingdok-Kyindwe route, which had been temporarily occupied and controlled by terrorist insurgents. Despite numerous difficulties, the troops fought courageously and made daring sacrifices, risking their lives and fighting resolutely to drive out and eliminate the terrorists. As a result, they successively recaptured Point 610 Hill on 24 September, Yinke Village on 25 September, Point 934 Hill and Swelwekyin Village on 26 September, Point 1059 Hill on 29 September, Maswatwi Village on 4 October, Point 1276 Hill on 8 October, and a terrorist camp near Point 1732, approximately 12,000 metres northeast of Kyindwe Town, on 20 October. It is reported that Hlaingdok Village was retaken and brought under control today, 21 October.

Tatmadaw columns fought valiantly, sacrificing their lives, to recapture villages along the route and positions occupied by the combined forces of terrorists. A total of 26 major and minor clashes took place with the terrorists, resulting in the recovery of 11 bodies of enemy combatants, 12 assorted weapons, ammunition and related equipment.

It is reported that Tatmadaw columns are continuing to step up the necessary area security operations to regain control of and reopen the Laungshay-Hlaingdok-Kyindwe communication route as soon as possible. The route plays a vital role in supporting the socio-economic development of local residents and facilitating the flow of goods. In addition, the relevant officials from respective departments will work in cooperation with local residents to carry out necessary repairs to infrastructure, roads and bridges damaged by the acts of terrorists.

100

The documents on Tatmadaw columns' retaking control over villages and camp hillocks on Laungshay-Hlaingdok-Kyindwe route temporarily controlled by terrorists.




Swelwekyin Village

Bunkers, trenches and defensive trenches dug as bases by terrorists in villages and surrounding areas along the Laungshay-Hlaingdok-Kyindwe communication route areas.



Defensive trenches and communication trenches built as camps by terrorists at the school in Swelwekyin Village.

Arms, ammunition, mines and related equipment seized from terrorists.



Arms, ammunition and related equipment seized near Point 1059 hill.

Bunkers, trenches and defensive trenches dug as bases by terrorists in villages and surrounding areas along the Laungshay-Hlaingdok-Kyindwe communication route.



Defensive trenches, fences and temporary shelters built as the base by terrorists near Point 1059 Hill.



Bunkers and communication trenches used as bases by terrorists on Point 567 Hill.

Three Chinese nationals arrested with related equipment operating online fraud, gambling operations near Hopong Village, Laihka Township



Equipment and related paraphernalia seized from online fraud and gambling operations near Hopong Village, Laihka Township.



Equipment and related paraphernalia seized from online fraud and gambling operations near Hopong Village, Laihka Township.

NAY PYI TAW October 21

The Government regards the detection, prevention, and deterrence of online fraud and online gambling syndicates—which pose severe threats to the socio-economic wellbeing of regional communities and people worldwide—as a national duty. In close coordination with neighbouring governments, authorities are taking effective measures to identify, apprehend, and prosecute perpetrators.



Equipment and related paraphernalia seized from online fraud and gambling operations near Hopong Village, Laihka Township.

Acting on intelligence that online fraud and gambling activities were being conducted in Laihka Township, southern Shan State, joint security task forces carried out investigative and clearance operations. At approximately 10:40 am today, near Hopong Village, located about 30,000 metres southeast of Laihka, security forces uncovered makeshift facilities used in cyber-fraud operations: one temporary workshop tent measuring 30 feet by 15 feet, a large temporary living tent (40 ft x 15 ft), a smaller living tent (20 ft x 15 ft), and a temporary mess tent.Seized on site were three Starlink satellite receiver units, eight laptops, four power stations, 20 mobile phones of various models, seven network switches, three network routers, one large generator, 30 plastic chairs, four folding tables, and other related paraphernalia. During further combing operations in the surrounding area, joint teams detained three male Chinese nationals.

Authorities confirmed that following necessary interrogation and investigations, the apprehended suspects will face stern legal action under existing laws. The confiscated equipment and assets will also be handled in line with established procedures.

To eliminate online scams and gambling activities and prevent illicit syndicates from establishing bases within Myanmar, the government remains actively committed to anti-cybercrime initiatives in close collaboration with neighbouring countries, regional counterparts, and international bodies.

100

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

NAY PYI TAW October 21

The government has placed emphasis on combat against online scams and gambling as a national responsibility and systematically carried out total demolition of illegal buildings in Shwe Kokko, where majority of online scams and gambling were operated, so that they cannot be used in such crimes.

In doing so, a 5-storey building, out of remaining buildings used in online scams and gambling in Shwe Kokko Part (II) to be demolished with the use of machinery, was knocked down up to 60 percent today.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were classified to be knocked down with the use of machinery, four to be detonated and 34 to be levelled down manually floor by floor due to their proximity to residential buildings and systematic demolition works were being carried out. Demolition works of four buildings to be detonated and two to be demolished with the use of machinery completed and plans are underway to systematically demolish remaining 57 buildings.



Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

In cooperation with neighbouring and regional countries, the government has placed a special emphasis on complete eradication of online scams and gambling, which has posed a threat on the global socio-economic arena and national security.

100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ကလေးတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ဟုမ္မလင်းတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ည နေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ကလေးတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာအတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အလားတူ ယနေ့ည နေပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ဟုမ္မလင်းတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသား ရိုးရာအတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိ





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီးမြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာလ ၁၀ ရက်နံနက်ပိုင်းတွင် ရေလှောင်တမံ၏တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိပြီး ရေလှောင်ထားမံ၏ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျှောအိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များစနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှောအိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၂၁ ရက်နေ့ည နေပိုင်းတွင် တမံရှိရေလှောင်အာဒေသမဖေသာကျန်ရှိတော့သဖြင့် ၁၃ ဒသမ ၄ ပေခန့် ရေထုတ်လွှတ် လျှော့ချပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရွှေလင်ပန်းရှိ “777” ပလတ်စတစ်စက်ရုံနှင့် စမ်းချောင်းမြို့နယ်ရှိ Royal Khattar Hotel တို့တွင် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲခြင်းနှင့် ပတ်သက်ပြီး စစ်ဆေးဖော်ထုတ်ပေးခဲ့သည့် ဝန်ထမ်း ၁၂ ဦးအား ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်ဂုဏ်ပြုသည့် မှတ်တမ်းလွှာပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီးရွှေလင်ပန်းရှိ “777” ပလတ်စတစ်စက်ရုံနှင့် စမ်းချောင်းမြို့နယ်၌ ရှိသည့် Royal Khattar Hotel ရှိ မီတာများတွင် တရားမဝင်ဓာတ်အားခိုးယူသုံးစွဲနေမှုတို့ကို မြေပြင်ကွင်းဆင်းစစ်ဆေးဖော်ထုတ်နိုင်ခဲ့သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်း ၁၂ ဦးအား ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၌ ကျင်းပသည်။

ချီးကျူးဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ပွဲတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နှစ်နာခဲ့သည့်ဓာတ်အားခလျော်ကြေးများ ပြန်လည်ရရှိရေးနှင့် Losses ကျဆင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်း ၁၂ ဦးတို့ကို ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်ဂုဏ်ပြုသည့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး မာန်အောင်မြို့နယ် တောထူကျေးရွာရှိ စိုက်ပျိုးတောင်သူများအား နေကြာမျိုးစေ့နှင့် ပိုက်ဆံလျော်မျိုးစေ့များပေးအပ်

စစ်တွေ အောက်တိုဘာ ၂၁

မာန်အောင်မြို့နယ် ဒိုးတန်းကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှု၊ အခြေခံပညာအလယ်တန်းကျောင်း(ကအီး)၊ အခြေခံပညာမူလတန်းကျောင်း(ကျီးညို)၊ အခြေခံပညာမူလတန်းကျောင်း(လက်မဲပြင်)၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ဒိုးတန်း)၊ အခြေခံပညာအထက်တန်းကျောင်း(ဆင်နားချောင်) တို့တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေး၊ ကျောင်းဆောင်များကောင်းမွန်စေရေး၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးနှင့်ရေရရှိရေးတို့ကို အောက်တိုဘာလ ၁၉ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးနိုင်ဦးကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့ပြင် ကျန်းရွာကျေးရွာ၌ ပေါ်ဆန်းစပါးစိုက်ခင်းဖြစ်ထွန်းအောင်မြင်နေမှုနှင့် တောထူကျေးရွာ၌ စံပြမိုးစပါးစိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တောထူကျေးရွာရှိ စိုက်ပျိုးတောင်သူများအား နေကြာမျိုးစေ့နှင့် ပိုက်ဆံလျော်မျိုးစေ့များပေးအပ်သည်။

မွန်းလွဲပိုင်းတွင် အင်းဟိုတယ်၌ မာန်အောင်မြို့နယ်မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မာန်အောင်မြို့၊ အနောက်စုရပ်ကွက် သိမ်ကုန်းလမ်းသွယ်အား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ မြို့မအားကစားကွင်းရှိ အားကစားခန်းမနှင့် အားကစားကွင်းများကောင်းမွန်စေရေး၊ သစ်တောဦးစီးဌာနခြံဝင်းအတွင်း ထီးရိုးဝါးပျိုးထောင်ထားရှိမှုနှင့် ငအင်းကျေးရွာအနီး ဖြုန်းကျောက်ထုတ်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ညောင်ကုန်းကျေးရွာရှိ ချင်းတိုင်းရင်းသားများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးကာ ကျေးရွာအတွင်းရှိရေကန်များ သန့်ရှင်းကောင်းမွန်ရေး၊ ကျေးလက်ဆေးပေးခန်းတည်ဆောက်မည့်မြေနေရာ၊ ညောင်ကုန်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်းတွင် ရေရရှိရေး၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယမန်နေ့ နံနက်ပိုင်းကလည်း အိမ်ယာတောင်ကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးကြပြီး ကျေးရွာရေကန်မှ ရေဖြန့်ဝေပေးနိုင်ရေး ကြည့်ရှုစစ်ဆေးကာ မာန်အောင်လေဆိပ်ရှိလေယာဉ်ပြေးလမ်းများကောင်းမွန်စေရေး၊ ပြေးလမ်းများတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကယားပြည်နယ်ရုံးတွင် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် လှိုင်ကော် စာပေစာအုပ်အရောင်းဆိုင် ဖွင့်လှစ်ထား



လှိုင်ကော် အောက်တိုဘာ ၂၁

လှိုင်ကော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်လုပ်ငန်းနှင့် လူထုအခြေပြုဗဟိုဌာန(Community Centre) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံမော် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဒေသနေပြည်သူများနှင့်ဝန်ထမ်းများ စာပေဖတ်ရှုလေ့လာမှု ပိုမိုအားကောင်းလာစေရေး စည်းရုံးဆောင်ရွက်ကြရန်၊ ရွှေ့လျားစာကြည့်တိုက်လုပ်ငန်း ပိုမိုတိုးချဲ့လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ စာကြည့်တိုက်ရှိ စာအုပ်စာစောင်များ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ရုံးတွင် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် လှိုင်ကော် စာပေစာအုပ်အရောင်းဆိုင်ဖွင့်လှစ်ထားရှိမှု၊ ပြည်နယ်ရုံးဖွင့်လှစ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လှိုင်ကော် စာပေစာအုပ်အရောင်းဆိုင်အား ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၁

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအားပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၃၀ ဒသမ ၄၃၈၆)တန်၊ သစ်မာ (၁၄ ဒသမ ၈၈၆၂)တန်၊ အခြား (၂၇ ဒသမ ၃၅၁၂)တန်၊ စုစုပေါင်း (၇၂ ဒသမ ၆၇၆၀)တန်၊ ယာဉ်/ယန္တရား (၇) စီး၊ တရားခံ (၂၇) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

မြဝတီ

၂၁-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

✦ ကျောဖုံးမှအဆက်

ကွတ်ခိုင်မှရန်ကုန်သို့ချမ်းအေးသာစံမြို့နယ်၊ ဒေးဝင်းအနောက်ရပ်ကွက်နေ သန်းထွန်းအောင်(၄၁) နှစ်မောင်းနှင်ပြီး အောင်ပင်လယ်ရပ်ကွက်နေ အေးမင်းထွေး(၂၁)နှစ် လိုက်ပါလာသော MITSUBISHI FUSO အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား၄၅၁သိန်း(တစ်ပြားလျှင်ငွေကျပ်၅၀၀နှုန်းဖြင့်ငင်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၂၈၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အောက်တိုဘာလ ၁၈ ရက် နံနက် ၆ နာရီခွဲတွင် ဖမ်းဆီးရမိစိတ်ကြွဆေးပြားများ သယ်ဆောင်ခိုင်းသူ ပြင်ဦးလွင်မြို့၊ ရေချမ်းအိုးရပ်ကွက်နေ လီဆာ(ခ)ယောလှ(ခ) ရှမ်းလေး (၃၁)နှစ်အား မိုးကုတ်မြို့၊ မင်းတံတားရပ်ကွက်တွင် LAND-CRUISER မော်တော်ယာဉ် ၁ စီး၊ ငွေကျပ်သိန်း ၁၉၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် သန်းထွန်း



တရားခံသန်းထွန်းအောင်နှင့်အေးမင်းထွေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အောင်၊ အေးမင်းထွေးနှင့် လီဆာ(ခ) ယောလှ(ခ)ရှမ်းလေးတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ အောက်တိုဘာလ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကလောမြို့နယ်၊ အင်းပြင်ရွာနေ ဝင်းဦး(၄၅)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၂ သိန်း (တစ်ပြားလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၆၀) ဖမ်းဆီးရမိသဖြင့် ဝင်းဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **မြဝတီ**

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၀-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	တာချံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လှိုင်ကော်	ဟားခါး
92 Ron	၄၇၀၅	၄၈၆၀	၄၈၁၀	၄၇၂၀	၄၈၆၅	၄၈၈၀	၄၉၁၀	၄၇၉၀	၅၁၆၀	၅၁၉၀	၄၈၁၀	၄၈၆၅	၄၈၆၀	၄၈၆၀	၄၈၇၀	၅၁၀၀
95 Ron	၄၈၅၀	၅၀၀၅	၄၉၂၅	၄၈၆၅	၅၀၁၀	၅၀၂၅	၅၀၅၅	၄၉၃၅	၅၃၀၅	၅၃၃၅	၅၀၂၅	၅၀၅၅	၅၀၀၅	၅၀၀၅	၅၀၀၅	၅၂၄၅
HSD (500 ppm)	၄၄၈၅	၄၆၃၅	၄၅၉၀	၄၅၅၀	၄၆၄၀	၄၆၅၀	၄၆၈၅	၄၅၅၀	-	၄၉၉၀	၄၅၉၀	၅၁၆၀	၄၆၅၅	၄၆၄၅	၄၆၄၅	၄၈၆၅
HSD (50 ppm)	၅၄၄၀	၅၅၉၅	၅၅၄၅	၅၄၅၅	၅၆၀၀	၅၆၁၅	၅၆၅၀	၅၅၂၅	၅၉၉၅	၅၉၂၅	၅၅၄၅	၅၅၄၀	၅၆၃၅	၅၅၉၅	၅၆၀၅	၅၈၃၅
HSD (10 ppm)	၅၄၄၀	၅၅၉၅	၅၅၄၅	၅၄၅၅	၅၆၀၀	၅၆၁၅	၅၆၅၀	၅၅၂၅		၅၉၂၅	၅၅၄၅	၅၅၄၀	၅၆၃၅	၅၅၉၅	၅၆၀၅	၅၈၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၇၆	၄၅၉၉
95 Ron	၄၆၁၆	၄၇၄၂
HSD (500 ppm)	၄၂၇၈	၄၃၉၄
HSD (50 ppm)	၅၁၈၈	၅၃၂၂
HSD (10 ppm)	၅၁၈၈	၅၃၂၂

မြန်မာနိုင်ငံဆိုင်ရာဘယ်လာရုစ်သံရုံး သံရုံးယာယီတာဝန်ခံအား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ အာလျက်ခ် ဟလူဘူးအား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးကို နေပြည်တော်၌ ဖွင့်လှစ်ခြင်းကိစ္စ၊ နှစ်နိုင်ငံအကြား သဘောတူလက်မှတ်ရေးထိုးထားသည့် မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ကို အကောင်အထည် ဖော်ဆောင်ရွက်နေမှုများအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာဖြင့် နေ့စဉ်ဝယ်ယူရောင်းချပေးလျက်ရှိ

ပဲခူး အောက်တိုဘာ ၂၁

ပဲခူးမြို့ မြို့မဈေးကြီးအတွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နေ့စဉ်ဒေသခံပြည်သူများ ဆန်၊ ဆီ၊ အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များအား သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို ယနေ့နံနက် ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကွင်းဆင်းကြည့်ရှုအားပေးသည်။



ဆက်လက်၍ ပဲခူးတက္ကသိုလ်၌ တက္ကသိုလ်ဝန်ထမ်းများ၊ ဆရာမများအား အပတ်စဉ် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ဝန်ထမ်းအိမ်ရာများတွင်သာမက အခြေခံစားသုံးကုန်များအား ရပ်ကွက်များအတွင်းသို့ Mobile Shop များဖြင့် ရောင်းချပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဝက်သား၊ ကြက်သား၊ ငါး၊ ကြက်ဥ၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံအား မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မဈေးများ၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များတွင် ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်မှစတင်၍ နေ့စဉ်ပိတ်ရက်မရှိသက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည့်အပြင် ဝန်ထမ်းအိမ်ရာများသို့ အပတ်စဉ် ဗုဒ္ဓဟူးနေ့၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာများသို့ အပတ်စဉ်ကြာသပတေးနေ့တို့တွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဥသာတိုင်းသား

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလ အခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေးဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာဖော်ပြ တိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်းပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများမှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

Naypyitaw State Academy၊ Faculty of Medicine သို့ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးပညာစတုတ္ထနှစ် (၁/၂၀၂၆)သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၂၁

Naypyitaw State Academy၊ Faculty of Medicine သို့ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ဆေးပညာစတုတ္ထနှစ် (၁/၂၀၂၆) သင်တန်းမှ ကျောင်းသား၊ ကျောင်းသူ ၁၅၈ ဦးသည် Residential Field Training အစီအစဉ် တစ်စိတ်တစ်ဒေသအဖြစ် ယနေ့တွင် လာရောက်လေ့လာကြသည်။

ထိုသို့ လာရောက်လေ့လာစဉ် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာတင်ထွန်းက တွေ့ဆုံသည်။

တွေ့ဆုံစဉ် လေ့လာရေးခရီးစဉ်တစ်ခုစီ၏ အောင်မြင်မှုသည် နေရာအသစ်တစ်ခုသို့ သွားရောက်ခဲ့ခြင်း အပေါ်တွင်သာ မူတည်ခြင်းမဟုတ်ဘဲ ထိုခရီးစဉ်မှ အသိပညာ၊ အတွေ့အကြုံနှင့်သင်ခန်းစာများကို ရရှိခဲ့သည်ဆိုသည့်အချက်အပေါ် မူတည်ကြောင်း၊ အနာဂတ် ဆရာဝန်များဖြစ်လာမည့် ဆေးတက္ကသိုလ်ကျောင်းသား၊ကျောင်းသူများအားလုံးရှိသင့်သည့် ပုဂ္ဂိုလ်ရေးတန်ဖိုးများဖြစ်သည့် တာဝန်ယူမှုနှင့် တာဝန်ခံမှု၊ ကိုယ်ကျင့်တရားနှင့်ရိုးသားမှု၊ စဉ်ဆက်မပြတ် သင်ယူလေ့လာမှု၊ စာနာနားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ကျင့်ကြံလိုက်နာရန် အလေးပေးမှာကြားလိုကြောင်း ပြောကြားသည်။




ဆက်လက်၍ လေ့လာရေးအဖွဲ့သည် အုပ်စု(၃)စုခွဲ၍ Naypyitaw State Academy ၏ ဘွဲ့နှင်းသဘင်ခန်းမ၊ Recreation Center နှင့် Faculty of Medicine ၏ စာသင်ခန်းများ၊ လက်တွေ့ခန်းများကို ကြည့်ရှုလေ့လာကြသည်။

ယခုလေ့လာရေး အစီအစဉ်ကို ဆေးတက္ကသိုလ်များအကြား အတွေ့အကြုံများဖလှယ်နိုင်ရန်၊ ဆေးပညာသင်ကြားရေးဆိုင်ရာ အမြင်များကို မျှဝေနိုင်ရန်နှင့် ဆေးပညာ ကျောင်းသားများအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာစေရန်ရည်ရွယ်ကြောင်း သိရသည်။

မြဝတီ

မိုးလေဝသ သတင်း



❍ **ကျောပိုးမှအဆက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများလုပ်ကိုင်နေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၄၀ မိနစ်ခန့်တွင် လဲချားမြို့၏ အရှေ့တောင်ဘက် မိတာ ၃၀၀၀၀ ခန့်အကွာ ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ၃၀ ပေ၊ အနံ ၁၅ ပေရှိ ယာယီအလုပ်ရုံတဲ ၁ လုံး၊ အလျား ၄၀ ပေ အနံ ၁၅ ပေရှိ ယာယီလူနေတဲကြီး ၁ လုံး၊ အလျား ၂၀ ပေ အနံ ၁၅ ပေရှိ ယာယီလူနေတဲ (အသေး) ၁ လုံးနှင့် ယာယီထမင်းချက်ဆောင် ၁ လုံး၊ Star Link ၃ လုံး၊ Laptop ၈ လုံး၊ Power Station ၄ လုံး၊ ဖုန်းမျိုးစုံ ၂၀ လုံး၊ Network လိုင်းခွဲစက် ၇ လုံး၊ Network Router ၃ လုံး၊ မီးစက်(အကြီး) ၁ လုံး၊ ပလတ်စတစ်ထိုင်ခုံ ၃၀ လုံး၊ ခေါက်စားပွဲ ၄ လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်၊ ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာတစ်ဝိုက်အား ဆက်လက်ရှင်းလင်းရာ တရုတ်နိုင်ငံသား အမျိုးသား ၃ ဦးတို့အား ထပ်မံဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်၊ ဟိုပုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူဖမ်းဆီးရမိမှု နေရာပြမြေပုံ။









လဲချားမြို့နယ်၊ ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိမှုကိုတွေ့ရစဉ်။





နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

လဲချားမြို့နယ်၊ ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၃ ဦးအား ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာအွန်လိုင်းလိမ်လည်လောင်းကစားမှုများအများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံတစ်လုံးမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်းဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုကို မြင်ယောင်ဖော်ပြထားသော ပုံ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

မြင်ယောင်ဖော်ပြထားသော ပုံ

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



အဆောက်အအုံ ၆၃ လုံး အနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံး၊ အဆောက်အအုံ ၄ လုံးနှင့်လူနေအိမ်များနှင့် **စာမျက်နှာ ၂၉ သို့ →**

ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာတစ်ဖက်ကမ်း အလျား မီတာ ၂၆၀၀ အကျယ် ၁၃၆ မီတာ သောင်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်



ပုသိမ် အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ချောင်းဖျားကျေးရွာနှင့် ဂန်ချောင်းကျေးရွာများ ရောတိုက်စားကမ်းပြိုမှု ကာကွယ်နိုင်ရန်အတွက် Geotextile ကပ် ကမ်းထိန်းတံအလျား ပေ ၃၀၀၀ ဆောင်ရွက်မည့် နေရာနှင့် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ဂန်ချောင်းကျေးရွာတစ်ဖက်ကမ်း အလျား မီတာ ၂၆၀၀၊ အကျယ် ၁၃၆ မီတာ သောင်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား လုံးကို သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး၊ ဒေသခံပြည်သူများအတွက်အကျိုးရှိစေရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အတူ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ အနန္တဂုဏ်ရောင်စာသင်တိုက်အနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဖြစ်သည့် ဘိုးပိုင်အခြေပြု RCC မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း အလျား ပေ ၁၅၀ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အလားတူ မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ညောင်ပင်သာကျေးရွာရှိ Master Feed mill ငါးအစာတောင့်စက်ရုံ လည်ပတ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဓနုဖြူမြို့နယ် ယင်းကတစ်ကျေးရွာရှိ ရေနက်ကွင်းတွင် ရေတစ်ပေါင်၊ ကုန်းတစ်ပေါင်စိုက်ပျိုးနည်းစနစ်ဖြင့် အလွိုင်းကုမ္ပဏီမှ စိုက်ပျိုးထားရှိသော အုန်းချိုမွေးစိုက်ပျိုးရေးခြံဧက ၁၈၀ တွင်အုန်းချိုမွေးပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ ရိုဘက် စတာမြေနိမ့်ကော်ဇီဝင်များနှင့် ကွမ်းသီးပင်များ သီးညှပ် စိုက်ပျိုးထားရှိမှု၊ ရန်ကုန်-ပုသိမ်လမ်း ၄၈ မိုင် ၇ ဖာလုံမှ ၄၉ မိုင်အတွင်း Oriental Highway Co.,Ltd. မှ လမ်းဘယ်ဘက်ခြမ်းပေ ၄၀၀ ခန့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ကြိမ်ပင်ဆည်-စက္ကော့-ဓနုဖြူ-ဧလွန်လမ်းပိုင်း ၃၅ မိုင် ၇ ဖာလုံအတွင်း လမ်းအထူးအဖွဲ့(၂၁)မှ အရည် ၃ ဖာလုံခန့် ကတ္တရာလမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဟသံဘတ-ဒူးယား-ဒေါင့်ကြီး-ဧလွန်လမ်းပိုင်း ၁၅ မိုင် ၁ ဖာလုံအတွင်း အရည် ၃ ဖာလုံ၊ အကျယ် ၁၈ ပေအား လမ်းဦးစီးဌာနမှ ကတ္တရာလမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

→ စာမျက်နှာ ၂၈ မှ

မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**





အဆောက်အအုံ အမျိုးအစား အလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကိုဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅˚C	/	၃၄˚C
ရန်ကုန်	၂၄˚C	/	၃၂˚C
မန္တလေး	၂၅˚C	/	၃၆˚C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/၈လ)**

ပျောက်ဆုံးကြောင်း
အောင်ဇေမင်း(ဘ)ဦးတင်အောင်ဝင်း ၁၄/ဝဆမ(နိုင်)၁၅၆၁၀၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၉၈၄၀၂၂၈

ပျောက်ဆုံးကြောင်း
မောင်လှထွန်း(ဘ)ဦးညွှန့်ဝင်း ၉/နထက(နိုင်)၁၉၂၁၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၅၁၇၇

ပျောက်ဆုံးကြောင်း
နေခြည်နှင်း(ဘ)ဦးသူရဝင်း ၁၃/တကန(နိုင်)၃၇၈၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၇၇

ပျောက်ဆုံးကြောင်း
ဝေယံလင်း(ဘ)ဦးထွန်းပြိမ်း ၉/တကန(နိုင်)၂၂၅၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၇၇

ပျောက်ဆုံးကြောင်း
အေးမာစိုး(ဘ)ဦးဇော်မြင့် ၈/နမန(နိုင်)၂၅၇၁၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၇၇

ပျောက်ဆုံးကြောင်း
ဦးသူရဝင်း(ဘ)ဦးကျော်ဇင်ဦး ၂၁/ဒဂုံ(နိုင်)၁၂၂၀၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 157533)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၆၉၉၁၅၅

ပျောက်ဆုံးကြောင်း
ဇော်မျိုးအောင်(ဘ)ဦးအောင်ကြည်ဝင်း ၁၂/ကမတ(နိုင်)၀၇၀၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 234931)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၇၂၇

ပျောက်ဆုံးကြောင်း
ဦးသူရဝင်း(ဘ)ဦးကွန်ဘ ၁၀/ပမန(နိုင်)၂၂၁၆၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၅၆၅၇၄၄

ပျောက်ဆုံးကြောင်း
ထွန်းအောင်သိန်း(ဘ)ဦးမောင်ကျော်လှ ၁၂/ရကန(နိုင်)၀၈၈၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၇၀၅၇၄၈၃

ပျောက်ဆုံးကြောင်း
နီတာချင်းပါရှိ(ဘ)ဦးထာကျိုးဘိခ် ၄/ဟခန(နိုင်)၀၄၆၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 939824)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၇၂၇

ပျောက်ဆုံးကြောင်း
ညီညီထွန်း(ဘ)ဦးလှထွန်း ၇/တငန(နိုင်)၁၂၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၃၆၉၁

ပျောက်ဆုံးကြောင်း
မောင်သန်းထွဋ်(ဘ)ဦးဟန်ရှင် ၇/ဇကန(နိုင်)၀၄၈၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၁၆၂

ပျောက်ဆုံးကြောင်း
ထက်နောင်ဦး(ဘ)ဦးတင့်လွင် ၁၂/ဒလန(နိုင်)၀၅၂၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၀၄၈၆၅၄၅

ပျောက်ဆုံးကြောင်း
မြတ်မွန်ဌေး(ဘ)ဦးမျိုးအောင် ၈/မမန(နိုင်)၂၆၇၀၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း
ဝင်းနိုင်စိုး(ဘ)ဦးစိုးမင်းနိုင် ၁၀/ကထန(နိုင်)၁၆၅၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 860675)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၈၈၃၈၂၄၄

ပျောက်ဆုံးကြောင်း
ငြိမ်းချမ်းကို(ဘ)ဦးပဲလှော် ၈/မမန(နိုင်)၂၆၇၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၇၆၄၃၄၃

ပျောက်ဆုံးကြောင်း
တင်တင်နွယ်(ဘ)ဦးကျော်ဝင်း ၇/ဖမန(နိုင်)၀၈၄၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၀၂၆၅၇၇

ဖခင်အမည်မှန်
မွန်ပြည်နယ်၊ချောင်းဆုံမြို့နယ်၊အ.ထ.က(ခွဲ)ကရင်ဝင်းစိန်၊ Grade-7(A) မှ နေ့အေးမြတ်သူ၏ဖခင်အမည်မှန်မှာ စောဘိုစောကြည် ၁၀/ခဆန(နိုင်)၁၂၁၀၁ ဖြစ်ပါကြောင်း။ စောဘိုစောကြည်

ဖခင်အမည်မှန်
မွန်ပြည်နယ်၊ချောင်းဆုံမြို့နယ်၊အ.ထ.က(ခွဲ)ကရင်ဝင်းစိန်၊ Grade-6(A) မှ စောအောင်မြင့်မြတ်ထွန်း၏ဖခင်အမည်မှန်မှာ စောသန်းထွန်း ၁၀/ခဆန(နိုင်)၀၉၁၀၈၂ ဖြစ်ပါကြောင်း။ စောသန်းထွန်း

ပျောက်ဆုံးကြောင်း
ဝေယံလင်း(ဘ)ဦးကွန်ဘ ၁၀/ပမန(နိုင်)၂၂၁၆၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၅၆၅၇၄၄

ပျောက်ဆုံးကြောင်း
မြတ်စုမွန်(ဘ)ဦးရဲထွဋ် ၅/ကလထ(နိုင်)၂၃၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 786273)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၇၂၇

ပျောက်ဆုံးကြောင်း
မေဇင်ဝေ(ဘ)ဦးသန့်ဇင်ဦး ၇/ရကန(နိုင်)၀၆၈၂၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 705677)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၁၆၁၉၄၁

ပျောက်ဆုံးကြောင်း
ပျဉ်သက်စံ(ဘ)ဦးစိုးဝိုးဦး ၁၀/ရမန(နိုင်)၂၃၇၂၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၇၂၇

ပျောက်ဆုံးကြောင်း
ဇနီးသည်ဝင်းဝင်းမြင့်(ဘ)ဦးဘိုးဝင်း ၁၂/ဒဂုံ(နိုင်)၁၂၂၀၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 157532)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၆၉၉၁၅၅

ပျောက်ဆုံးကြောင်း
ဇင်မာထက်(ဘ)ဦးတင်ဌေ ၁၂/သဃက(နိုင်)၀၄၀၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 157532)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၆၉၉၁၅၅

ပျောက်ဆုံးကြောင်း
ရဲမင်းသူ(ဘ)ဦးတင်ဝင်း ၁၂/ကမရ(နိုင်)၀၀၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၂၈၅၀၈၅၉

ပျောက်ဆုံးကြောင်း
လွင်ထိုးဇော်(ဘ)ဦးချစ်လွင် ၁၂/တမန(နိုင်)၁၂၅၀၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 291750)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၂၇၉၉၀

ပျောက်ဆုံးကြောင်း
ဖြူပြည့်ပြည့်သူ(ဘ)ဦးဖြိုးအောင်၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 157533)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၆၉၉၁၅၅

ပျောက်ဆုံးကြောင်း
နွေးနွေးဦး(ဘ)ဦးခင်လှ ၁၂/လမန(နိုင်)၁၃၉၃၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၃၉၉၆၆၅

စာပေမြင့်မှ လူမျိုးတင့်မည်

ပျောက်ဆုံးကြောင်း
ဖြူဖြူသိန်း(ဘ)ဦးကျော်ကျော်နိုင် ၈/အလန(နိုင်)၁၉၁၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း
မြင့်သူဝင်း(ဘ)ဦးစိန်ဝင်း ၁၄/လမန(နိုင်)၁၃၀၂၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း
စန္ဒာအောင်(ဘ)ဦးစိန်မောင် ၁၂/ရကန(နိုင်)၀၁၆၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 447776)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၂၀၆၃၂၀

ပျောက်ဆုံးကြောင်း
သိန်းထွန်းအောင်(ဘ)ဦးမျိုးထက် ၅/မရန(နိုင်)၂၀၁၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၇၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
(အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင်ရွှေ့လျားဆေးကုသယာဉ်(၂)စီးအား၄ွားရမ်းပြီး လိုအပ်ချက်ရှိသောနေရာဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ဆောင်နိုင်သော ပုဂ္ဂလိကကုမ္ပဏီများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပိုင်ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၁၀-၂၀၂၆ ရက်နေ့မှ ၅-၁၁-၂၀၂၆ ရက်နေ့ထိ

(ခ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် နေ့ရက်၊ အချိန် - ၁၉-၁၁-၂၀၂၆ ရက်နေ့(၁၆:၃၀)နာရီ

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်-၉/၇၇ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက် ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

၂။ သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းလာသည့်လျှောက်လွှာများကို လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ Website https://www.mol.gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website https://www.ssb.gov.mm တို့တွင်လေ့လာနိုင်ပြီး ဖုန်း ၀၆၇-၃၄၁၇၉၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝန်ကြီးဌာနတင်ဒါကော်မတီ

ပြည်ထောင်စုနယ်မြေ
နေပြည်တော်၊ လမ်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း[၂၂(လင)/၂၀၂၆-၂၀၂၇]

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လမ်းဦးစီးဌာန၊ ဧရာဝတီရေခိုက်ခေါင်းဆောင်ကျွန်းတံတားနှင့် ပျဉ်းမနားခရိုင်တို့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူနိုင်ငံသားလုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၂၈-၁၀-၂၀၂၆)(ဗုဒ္ဓဟူးနေ့)

၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန် - (၂၅-၁၁-၂၀၂၆)(ဗုဒ္ဓဟူးနေ့)

၄။ အာမခံစပေါ်ငွေ(PO Cheque)/ တင်ဒါလျှောက်လွှာပုံစံလက်ခံမည့် နေ့ရက်နှင့်အချိန် - (၂၆-၁၁-၂၀၂၆)ရက်နေ့(၁၆:၃၀)နာရီ နောက်ဆုံးထားတင်သွင်းရန်

၅။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ် ဧရာဝတီရေခိုက်ခေါင်းဆောင်ကျွန်းတံတားနှင့် ပျဉ်းမနားခရိုင်၊ လမ်းဦးစီးဌာန၊ (၀၆၇-၄၀၃၇၂၁၄၄၂၂၊ ၀၆၇-၆၉၂၂၄၈၆၂၆)နှင့် ပျဉ်းမနားခရိုင်၊ လမ်းဦးစီးဌာန (၀၆၇-၄၁၅၀၄၄၂၈၊ ၀၆၇-၄၃၀၄၄၂၀၃)တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ပြည်ထောင်စုနယ်မြေ
နေပြည်တော်၊ လမ်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း[၂၂(ပစ)/၂၀၂၆-၂၀၂၇]

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လမ်းဦးစီးဌာန၊ ဥတ္တရရခရိုင်၊ ဧရာဝတီရခရိုင်နှင့် ပျဉ်းမနားခရိုင်တို့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေများဖြင့်ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သောစံချိန်စံညွှန်းမီအရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူနိုင်ရေးအတွက် ပစ္စည်းတင်ဒါကို အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူနိုင်ငံသားလုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၂၈-၁၀-၂၀၂၆)(ဗုဒ္ဓဟူးနေ့)

(ခ) တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဥတ္တရရခရိုင်/ဧရာဝတီရခရိုင်/ ပျဉ်းမနားခရိုင်၊ လမ်းဦးစီးဌာနရုံးများ

(ဂ) တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - (၁၁-၁၁-၂၀၂၆)(ဗုဒ္ဓဟူးနေ့)/(၁၅:၀၀)နာရီ

(ဃ) အာမခံစပေါ်ငွေ(PO Cheque)/ တင်ဒါလျှောက်လွှာပုံစံလက်ခံမည့် နေ့ရက်နှင့်အချိန် - (၂၆-၁၁-၂၀၂၆)ရက်နေ့(၁၆:၃၀)နာရီ နောက်ဆုံးထားတင်သွင်းရန်

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ် ဥတ္တရရခရိုင်၊ လမ်းဦးစီးဌာန၊ (၀၆၇-၂၅၄၅၅၅၂၅၀၊ ၀၆၇-၉၇၂၃၇၁၁၁)။ ဧရာဝတီရခရိုင်၊ လမ်းဦးစီးဌာန၊ (၀၆၇-၄၀၃၇၂၁၄၄၂၂၊ ၀၆၇-၆၉၂၂၄၈၆၂၆)နှင့် ပျဉ်းမနားခရိုင်၊ လမ်းဦးစီးဌာန(၀၆၇-၄၅၅၀၄၄၂၈၃၊ ၀၆၇-၄၃၀၄၄၂၀၃)တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့၊ ဂုံညင်းတန်းရပ်ကွက်နေ ဦးသက်ဦး ၁၀/မဒန(နိုင်)၂၅၄၁၁၊ ဒေါ်ချိုလွင်ဦး ၁၀/ရမန(နိုင်)၀၉၄၂၆၇၊ ဒေါ်တင်တင်ဦး ၁၀/လမန(နိုင်)၀၀၂၀၀၇ တို့၏မောင်အရင်းဖြစ်သော ဦးသက်လွင်ဦး ၁၀/မဒန(နိုင်)၁၉၄၁၉ မှာ မောင်နှမများ၏ပြောဆိုဆုံးမမှုတို့ကို နာခံမှုမရှိဘဲ မောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်းတစ်ဦးတည်း ပြုမူဆောင်ရွက်သောအရေးကိစ္စအ၀ဝများနှင့် ငွေကြေးအရှုပ်အရှင်းများအပေါ် ကျွန်ုပ်၏မိတ်ဆွေများမှ ပါဝင်ပတ်သက်ခြင်းမရှိပါသောကြောင့် လုံး၀တာ၀ဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ၎င်းကိစ္စနှင့်ပတ်သက်၍ လာရောက်စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်ထက်ထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၄၄)
အမှတ်-၆၉၊ ရုံးဂိုးကျေးရွာ၊ မော်လမြိုင်မြို့။

ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့၊ ရွာပုလဲကျေးရွာအုပ်စု၊ ရွာပုလဲကျေးရွာ၊ အရှေ့မြောက်ပိုင်းနေ အေးအေးမာ(ဘ)ဦးတင်အောင် ၉/ငသရ(နိုင်)၀၀၉၁၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၄၃၇၀၂၇၈

ပျောက်ဆုံးကြောင်း

ကျိုက်ဒုံမြို့၊ သဃ်နီးပင်ဆိပ်ရွာနေ ကျော်ဝိုင်(ဘ)စောဖားကျော်ဝါး ၃/ကဆက(နိုင်)၁၂၂၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 900005)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၁၈၆၁၄၉

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄) ရပ်ကွက်၊ သုမာလာလမ်းနေ သဲစုခိုင်(ဘ)ဦးသောင်းမြင့်၇/ဖမန(နိုင်)၂၂၀၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 688729)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၆၃၈၄၄၈၃

ပျောက်ဆုံးကြောင်း

ဒေါ်ဝင်းကြည်(ဘ)ဦးဘုတ် ၁၀/မဒန(နိုင်) ၀၉၃၂၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၁၄၄၁၆၁၆

ပျောက်ဆုံးကြောင်း

စောထွန်းစူး(ဘ)ဦးလှဘီ ၃/လဘန(နိုင်) ၁၄၇၄၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 033503)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ဖြူဖြူဝင်း(ဘ)ဦးမြနောင် ၁၀/ခဆန(နိုင်) ၁၁၄၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၂၀၃၃၂၂၉

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ အောင်ဆန်း(မြို့သစ်)ရပ်ကွက်၊ နယ်မြေ(၃)၊ (၁၇)လမ်း၊ နွားပွဲစျေးလမ်းနေ ဇုန်(၃)၊ အကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၆၃)နေ၊ မြေကွက်အကျယ်အဝန်း(အလျား ၄၀'-၀"x အနံ ၆၀'-၀")ရှိ ဦးသိုက်စိုးဝင်း(၉/မထလ(နိုင်)၁၀၇၅၁၄)ကိုင်ဆောင်သူမှ(အလျား ၃၁'-၀"x အနံ ၃၇'-၀")Steel Structure(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့နယ်၊ ရေဖြူကနဦးရွာနေ နိုင်ထက်လင်း(ဘ)ဦးကြည်မြင့် ၇/ညလပ(နိုင်)၂၁၁၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 904123)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၈၂၆၉၃၃၇

ပျောက်ဆုံးကြောင်း

သထုံမြို့နယ်၊ ဝင်းပကျေးရွာနေ လင်းဇော်ဦး(ဘ)ဦးမြင့်ဦး ၁၀/သထန(နိုင်)၂၁၅၇၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 293644)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၈၅၉၉၈၈

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲကနယ်အုပ်စု၊ မဲကနယ်ရွာနေ ဖြူစင်ဦး(ဘ)ဦးဟန်သိန်း ၁၀/ပမန(နိုင်)၂၃၁၉၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 431820)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၉၂၉၂၅၄

ပျောက်ဆုံးကြောင်း

မောင်ကျော်ဇော(ဘ)ဦးမြင့်အေး ၈/မကန(နိုင်)၁၆၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 600940)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

ပျောက်ဆုံးကြောင်း

စောလွှေလင်း(ဘ)ဦးလှကြိုင် ၁၀/သထန(နိုင်)၂၈၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 213603)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၁၁၁၁၈

ပျောက်ဆုံးကြောင်း

မေလွင်ဦး(ဘ)ဦးမြင့်သောင်း ၁၀/သထန(နိုင်)၂၈၇၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 813047)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၂၈၅၈၇၃၀

ပျောက်ဆုံးကြောင်း

မစန်းစန်း၀ေ(ဘ)ဦးသောင်းစိန် ၁၀/သဖရ(နိုင်)၁၇၉၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 750228)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၃၆၅၅၀

ပျောက်ဆုံးကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ည-ရပ်ကွက်၊ ဘုမ္မာ(၁၁)လမ်း၊ အမှတ်(၃၄၂)နေ အိအိမွန်(ဘ)ဦးအေးကို ၁၂/ဥကမ(နိုင်)၂၂၀၅၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၈၅၉၉၈၈

ပျောက်ဆုံးကြောင်း

တောင်ကြီးမြို့၊ လှိုင်ဘုံသာရပ်ကွက်နေ သွယ်သွယ်အေး(ဘ)ဦးကျော်လွင် ၁၃/တကန(နိုင်)၂၅၄၆၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 115138)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၅၄

ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ရေကြည်ဦး(၁၀)လမ်းနေ မောင်ဧရာစိုး(ဘ)ဦးသန်းစိုး၁၂/ဒဂတ(နိုင်)၁၀၁၆၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 659976)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၄၆၁၁၅

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြို့မြို့နယ်၊ သမန္တမိုအလယ်ရွာနေ အဘဦးနိုင်နိုင်စိုး၏သား မောင်အောင်မျိုးသန်း၏အမည်မှန်မှာ ကျောင်းဝင်အမှတ် ၀၅၆၇ အရ မောင်အောင်မြင့်မြတ်ဖြစ်ပါကြောင်း။ **မောင်အောင်မြင့်မြတ်**

ပျောက်ဆုံးကြောင်း

မြင့်မြင့်ထွေး(ဘ)ဦးတင်အောင် ၁၀/ပမန(နိုင်)၀၀၁၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 781857)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၇၄၀၀၀၄၆

ပျောက်ဆုံးကြောင်း

သိန်းလွင်(ဘ)ဦးလှမြင့် ၁၀/မလမ(နိုင်)၁၅၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၁၁၄၅၀၀၉

ပျောက်ဆုံးကြောင်း

ဒေါ်ဝင်းကြည်(ဘ)ဦးဘုတ် ၁၀/မဒန(နိုင်) ၀၉၃၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၁၄၄၁၆၁၆


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ
European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဇျော်ယမကာကုမ္ပဏီလိမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
Lemon Barley Cordial
Lemon Barley Sparkling
Fresh LEMON
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်မြန်မြန်
ရောင်းချလျက်ရှိပါသည်။
ဆိုင်ကယ်တာယာ
သုံးတီးဆိုင်ကယ်
တာယာ
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TRISTAR
တားတာယာ
LIGHT TRUCK TYRE
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၂၅၄၊၂၇၂၈၄၃၊ ၀၉ ၄၅၃၂၂၅၅၅၄
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
MIR Card POS Services / MIR Card Cashout (MMK) Via POS
Mobile Banking and Internet Banking Services
Foreign Banking Services with Russian Banks
" လုံခြုံလျှို့ဝှက်၊ ဆောင်ရွက်မြန်မှန်၊
မြဝတီဘဏ် "
Phone:
(01) 2301367, 2301368
(01) 2301452, 2301378
UnionPay
MPU


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလိမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ခမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ဇင်္ဂမန်းသူ
09-254781060
မန္တလေးအဝေးပြေးကား
09-426500153
ဇော်ဝင်း
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ ဈေးနှုန်းပြည့်ဝသော ခရီးသွားဝန်ဆောင်မှု
မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

လဲချားမြို့နယ်၊ ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား (၃)ဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၂၈ ကော်လံ ၁၀**



AFC Challenge League အုပ်စု(E)ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဘရူနိုင်းကလပ် ကာဆူကာအသင်းကိုအနိုင်ယူ

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ AFC Challenge League အုပ်စု(E)ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ဘရူနိုင်းကလပ် ကာဆူကာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စာမျက်နှာ ၂၀ ကော်လံ ၅ ■

တပ်မတော်စစ်ကြောင်းများက လောင်းရှည်-လှိုင်ဒုတ်-ကျင်ခွေးလမ်းကြောင်းတစ်ဝိုက် အခြေပြုလှုပ်ရှားလျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်း၊ လှိုင်ဒုတ်ကျေးရွာအား သိမ်းပိုက်ရရှိ၊ လမ်းကြောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

တပ်မတော်စစ်ကြောင်းများက လောင်းရှည်-လှိုင်ဒုတ်-ကျင်ခွေးလမ်းကြောင်းတစ်ဝိုက် အခြေပြု၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့် AA အကြမ်းဖက်အဖွဲ့နှင့် CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအား တိုက်ထုတ်ချေမှုန်းပြီး အဆိုပါ လမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆိုပါ လမ်းကြောင်းပေါ်ရှိ လှိုင်ဒုတ်ကျေးရွာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော လောင်းရှည်-လှိုင်ဒုတ်-ကျင်ခွေးလမ်းကြောင်းပေါ်ရှိ ကျေးရွာများနှင့်စခန်းကုန်းနေရာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့မှုမှတ်တမ်း။



ရင်းကဲကျေးရွာ

(၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲ ပြေးခုန်ပစ်အားကစားနည်း မီတာ ၁၀၀ ပြိုင်ပွဲတွင် မလော်လာဝင်းက ကြေးတံဆိပ်ဆုဆွတ်ခူး



ရန်ကုန် အောက်တိုဘာ ၂၁

ဂျပန်နိုင်ငံ နာဂိုယာမြို့၌ ကျင်းပလျက်ရှိသည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့တွင် မြန်မာမသန်စွမ်းပြေးခုန်ပစ်အားကစားနည်းမှ

စာမျက်နှာ ၂၀ ကော်လံ ၁ ▼

ဆောင်းပါး

စရိတ်သက်သာ၍ အကျိုးအမြတ်ပိုမိုရရှိစေသော ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆီသို့

စာ - ၉ သို့

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးဝိတ်တန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

လက်ဝှေ့အားကစားအဆင့် အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် လက်ဝှေ့အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနကကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့်



စာမျက်နှာ ၁၈ ကော်လံ ၁ ➢

နှောင်ချိုမြို့နယ်တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးနှင့် ကလောမြို့နယ်တွင် ငွေကျပ် သိန်း ၃၆၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၁

နှောင်ချိုမြို့နယ်တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးနှင့် ကလောမြို့နယ်တွင် ငွေကျပ်သိန်း ၃၆၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာလ ၁၆ ရက် ည ၆ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နှောင်ချိုမြို့နယ်၊ သာစည်ကျေးရွာအနီးတွင်

စာမျက်နှာ ၂၆ ကော်လံ ၄ ✦

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံဆင်ခြေလျှော မြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ

စာ - ၂၅ သို့